ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့် ၊ အင်္ဂါနေ့၊ (17-5-2011) (၆၇၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၈/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်အမှတ် (၂၈/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၂၈/၂၀၁၁

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်)

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်သို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ဤသို့ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသားများအား နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ အကျဉ်းသားများအား လူသားချင်း စာနာထောက်ထားသောအားဖြင့် လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအားဖြင့် လည်းကောင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ)အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၁၁ ခုနှစ်၊ မေလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်-

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့ လည်းကောင်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁) နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ရရှိစေရန် လည်းကောင်း။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ၂၀၁၃ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို CNPC, South East Asia Pipeline Company က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကွဲနဖားကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းကြီး အချိန်မီပြီးစီးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့်အတူ စီမံကိန်းနေရာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု၊ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

CNPC Vice President Mr. Cui Xin Hua က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းအပိုင်း တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတစ်ခုလုံး ၂၀၁၃ ခုနှစ်အတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စီမံကိန်းပြီးစီးပါက မိမိတို့ဝန်ထမ်းများ ပိုက်လိုင်းတည်ဆောက်မှုနှင့်ပတ်သက်သည့် နည်းပညာများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးရန်၊ လုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးတူပါက ပြည်တွင်းထုတ် ပစ္စည်းများကိုသာ သုံးစွဲရန်၊ စီမံကိန်းအတွက် အလုပ်လုပ်နိုင်မည့် အနည်းဆုံးမြေကိုသာ အသုံးပြုရန်နှင့် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်စဉ် ယာယီအသုံးပြုရသော မြေများကို တည်ဆောက်ရေး **စာမျက်နှာ ၃ ကော်လံ ၄ သို့**☆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း၏ မြစ်ငယ်မြစ်ဖြတ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

၁၇-၅-၂၀၁၁
(အင်္ဂါနေ့)

မဟာဗောဓိပင် ရေစင်သွန်းလောင်းပူဇော်

ယနေ့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ်ထားရာ ၁၃၇၃ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့)ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘုရားရှင်၏ ဖြစ်စဉ်တော်များနှင့် ဆက်စပ်ဖြစ်တည်နေသည်။ **ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း** ဟူ၍ ရေးဖွဲ့ခဲ့ကြသည်။

ကဆုန်လပြည့်နေ့တွင် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟူ၍ ဗျာဒိတ်တော်ရရှိခဲ့သည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓနှင့် ဖွားဖက်တော် ခုနစ်ပါးတွင် ပါဝင်သည့် မဟာဗောဓိပင်သည် ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်တော်မူသည်။ ကဆုန်လပြည့်နေ့တွင်ပင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူပြီးသဗ္ဗညုတရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သည်။ ထို့အတူ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှာလည်း ကဆုန်လပြည့်နေ့တွင်ပင် ဖြစ်သည်။

တန်ခူးရေကုန် ကဆုန်ရေခန်း ဟူသော ဆိုစကားနှင့်အညီ မိုးတိမ်မိုးသားထဲမှ ဖောက်ထွက်လာသော ကဆုန်လ နေပူရှိန်ပြင်းထန်သဖြင့် ရေခန်းခြောက်တတ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီ ဖြစ်တော်မူသော မဟာဗောဓိပင် ခက်လက်လန်းဖြာ အသက်ရှည်စေရန် အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် သွန်းလောင်းကြသည်။

သူတော်စင် သူတော်ကောင်းအပေါင်းတို့က ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြုရည်မျှော်မှန်းလျက် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို ရေစင်သွန်းလောင်း ပူဇော်ကြသည်။ ညောင်ရေသွန်းလောင်း ပူဇော်သူတို့၏ နှလုံးစိတ်ဝမ်းကြည်လင်အေးချမ်းပြီး ကုသိုလ်ထူးကုသိုလ်မြတ်များ ရရှိနိုင်ကြပေမည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် လောကသုံးပါးတွင် အတုမဲ့၊ အနိူင်းမဲ့ ဗုဒ္ဓအဖြစ် အထွတ်အထိပ်သို့ ရောက်ရှိပြီးချိန်မှ ပရိနိဗ္ဗာန်စံဝင်သည်အထိ ဝေနေယျ သတ္တဝါတို့အား ကောင်းကျိုးချမ်းသာဖြစ်စေမည့် တရားဒေသနာတော်များ ဟောကြားတော်မူခဲ့ပေသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ဗုဒ္ဓ၏ ပရိဘောဂ စေတီဖြစ်သည့် မဟာဗောဓိပင်ကို နှစ်စဉ်ရေစင်သွန်းလောင်းပူဇော်ကြမြဲဖြစ်သည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်မျှော်ပြီး အဆုံးအမဒေသနာ တရားတော်များ နာကြားအားထုတ် ကုသိုလ်သုစရိုက်တရား ကျင့်ကြံပွားများနေကြခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့သာယာခြင်း အကျိုးထူးများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၉။ မီးသတိပေးနှိုးဆော်ချက်
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၂)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၄။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
- ၆း၂၅ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၉)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၄)**
- ၂၇။ Mini Series

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောက်

နွားထိုးကြီး မေ ၁၆

နွားထိုးကြီးမြို့နယ် စိန်ပန်းကန်ကျေးရွာတွင် မူလတန်းကျောင်းဆောက်လုပ်လျက်ရှိရာ ပေ ၁၂၀ x ပေ ၃၀ရှိ၍ ကိုယ့်အားကိုယ်ကိုး ပြင်ဆင်ဆောက်လုပ်နေခြင်းဖြစ်ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာရေးဌာနက နွားထိုးကြီးမြို့နယ်၌ ကျောင်း လေးကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်မည်ဖြစ်ရာ ကျောင်းဖွင့်အမီ ပရိဘောဂ၊ ကျောင်းစာအုပ်နှင့် အဆောက်အအုံများ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲနှင့် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲများ ကျင်းပ

နေပြည်တော် မေ ၁၆

ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့တော်ခန်းမ ဆေးတိုက်စုရပ်၊ ဟသ်ာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဆေးတိုက်စုရပ်နှင့် ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဆေးတိုက်စုရပ်များ၌ ကလေးငယ်များအား အမျိုးသားကာကွယ်ဆေးတိုက်ကျွေးမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀နာရီတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးများအား ခရိုင်အလိုက် ၂၀၁၁-၂၀၁၂ စီမံကိန်းရည်မှန်းချက်တာဝန်များကို လည်းကောင်း၊ လယ်ယာကဏ္ဍစီမံကိန်းရည်မှန်းချက်၊ စက်မှုလက်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်နှင့် ဝန်ဆောင်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍကြီးအလိုက် တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူမြို့တွင် ဖွင့်လှစ်

နေပြည်တော် မေ ၁၆

၂၀၁၁ ခုနှစ် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူမြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မေ ၉ရက်တွင် သင်တန်းကျောင်းဖွင့်ပွဲနှင့် အခြေခံအိမ်တွင်းမှု အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ သင်တန်းကျောင်းဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်နှင့် မြိုင်ကြီးငူ အထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး စားဖိုဆောင် စားသောက်ဖွယ်ရာများကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ် လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သစ္စာအေးမြိုင်ကျေးရွာ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်ဆဲ အိမ်ရာများနှင့် မြိုင်ကြီးငူဒေသ၌ စိုက်ပျိုးထားရှိသည့် ကြံစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၆)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအတွက် စားဖိုဆောင် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၂ ရက်တွင် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့၏ ကျောင်းရှေ့ မုခ်ဦးများအနီး၌ ကျင်းပသည့် ကရင်ပြည်နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုံ့ဆော်ခြင်း မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးမှူးများက ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာများကို စိုက်ထူပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေ ၁၄ ရက်က ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၅) ကျောင်းဆင်းအရာရှိများ၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အရာထမ်းငယ် အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၁၆

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၄၉)ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄၈ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေးအမြန်လမ်း (စကားအင်း-တံခွန်တိုင်အပိုင်း) ပြည်ထောင်စုဝန်ကြီး စစ်ဆေး

သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးမှာကြား

နေပြည်တော် မေ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း(စကားအင်း-တံခွန်တိုင်အပိုင်း) လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွန်ကရစ်ခင်းပြီးမှု၊ တံတားများ တည်ဆောက်နေမှု ၊ Box Culvert များနှင့် Under Pass များတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စကားအင်း-တံခွန်တိုင်လမ်းအပိုင်းသည် ရေဝပ်ဧရိယာကို ဖြတ်ဖောက်ထားသည့်အတွက် အောက်ခံလမ်းသားအမာခံ သိပ်သည်းမှုရရှိအောင်စက်ယန္တရားများဖြင့်အထပ်ထပ်ကြိတ်ရန်၊ တံတားများ၊ Box Culvert များ၊ Under Pass များကိုလည်း လက်ရာသေသေသပ်သပ်ဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းရေစိမ့်ဝင်မှု၊ ရေတိုက်စားမှုမရှိစေရေး ကြိုတင်ကာကွယ် ဆောင်ရွက်ထားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တံခွန်တိုင်အဝိုင်းပတ်လမ်း တည်ဆောက်နေမှုနှင့် စက်ယန္တရားများဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်

နေပြည်တော် မေ ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်နှင့် နေပြည်တော်ဘဏ်ခွဲတို့တွင် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၏ စာရင်းဌာနစိတ်နှင့် ရုံးချုပ်၏ ဌာနခွဲများဖြစ်သော သုတေသနဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန၊ ငွေစုဘဏ်လုပ်ငန်းဌာနနှင့် နိုင်ငံခြားသုံးငွေဌာနစိတ်တို့ တိုးချဲ့မွမ်းမံပြင်ဆင်နေမှုကို လည်းကောင်း၊ နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်စီမံခန့်ခွဲရေးဌာန၊ ဘဏ်တွင်းစာရင်းစစ်နှင့် ဘဏ်လုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေးဌာန၊ ငွေကြေးဌာန၊ သုတေသနနှင့် အလုပ်သင်ကြားရေးဌာနတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်း အသိပေးဆွေးနွေး၊ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေး ဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်အခြေပြု မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်း စီမံချက်လုပ်ငန်း ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အောက်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုနှင့် စီမံချက်တို့မှပံ့ပိုးသော သားဖွားခန်းအသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို စီမံချက်မြို့နယ်အသင်း ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာခင်ဥမ္မာစံ၊ UNICEF HIV Section မှ စီမံချက်အရာရှိ ဒေါက်တာဥမ္မာအောင်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမေမာလာတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပို့ချကြသည်။

အဆိုပါသင်တန်းသို့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၄ ဦး တက်ရောက်ကြပြီး သင်တန်းကို မေ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ရှေ့ဖုံးမှ

လုပ်ငန်းများပြီးပါက မူလအခြေအနေအတိုင်း စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း၏ သယ်ယူပို့ဆောင်ရေးနှင့် ထိန်းသိမ်းရေးစခန်းတည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(မန္တလေး)၌ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှုနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၅ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၄)**
- ၈း၄၅ လမြတ်ကဆုန်
- ၉း၀၀ ယဉ်ကျေးလိမ္မာမှုတို့မွေးဖွားပေးမှာ ယဉ်ကျေးလိမ္မာသင်တန်းပါ
- ၉း၁၅ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်ဝိသိဋ္ဌာဘ၏ ဝိဇာတမွေးနေ့ မင်္ဂလာနှင့်သိက္ခာထပ်မင်္ဂလာ အခမ်းအနား
- ၉း၂၅ Activities in The City
- ၉း၄၀ Cartoon Show Time
- ၁၀း၂၅ အနာဂတ်အတွက် လမ်းပြမီးအိမ်
- ၁၀း၃၅ Celebrity Style
- ၁၁း၀၅ သင်ကြားရေးလမ်းညွှန်
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၂၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
- ၁၂း၄၀ အလိုတော်ပြည့်၍ဘေးကင်း ရန်ကွာလာဘ်မိုးစွေရွာ
- ၁း၀၀ "ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ လားရှိုးမြို့ပညာ့အလင်းရောင် နေခြည်ကျောင်းရဲ့၁၀နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ
- ၃း၀၀ Napa အကိုက်အခဲပျောက်ဆေး ကြော်ငြာရိုက်ကွင်းအမှတ်တရ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၄)**
- ၅း၀၀ ရတနာကိုးသွယ်စီကာသခြယ်
- ၅း၂၀ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Singapore Day
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇)**
- ၇း၂၀ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဆီဖြစ်လာမည့်နှမ်းလုံးများ
- ၈း၄၀ ဗန်ကောက်မြို့ရဲ့အလှတရားများ
- ၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၅)**
- ၁၀း၁၅ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၁၀း၅၅ စာအုပ်ပြခန်း
- ၁၁း၁၅ နတ်လူသာဓုခေါ်စေသော်ဝ်
- ၁၁း၃၅ World of Knowledge
- ၁၂း၂၀ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၁၂း၃၅ Celebrity Profile
- ၁း၀၀ ရှောင်လေဝေးဝေး အရက်ဘေး
- ၁း၂၀ Shooting Location
- ၁း၃၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၁း၅၅ နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
- ၂း၁၅ ခရီးတစ်ထောက်နားခိုစရာ
- ၂း၂၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၂း၅၀ ယွန်းဖြစ်တည်ရာကျော့က္ကာရွှာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဒို့တိုင်းဌာနီရောဝတီ
- ၄း၂၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၄း၄၀ အုံ့ဖွယ်ထင်ရှားကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၀	Man City - Stoke City	ESPN (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၃၅၀	၀. ၀၃၂၉၆၅၂
တရုတ် (ယွမ်)	၆. ၅၀၉၄၀	၀. ၁၅၃၆၂၄
အိန္ဒိယ (ရူပီး)	၄၅. ၁၀၀၉	၀. ၀၂၂၁၇၂၅
မလေးရှား (ရင်းဂစ်)	၃. ၀၄၂၁၀	၀. ၃၂၈၇၂၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၈၉	၀. ၈၀၀၈၃၈
ဂျပန် (ယန်း)	၈၀. ၇၇၂၀	၀. ၀၁၂၃၈၀၅
တောင်ကိုရီးယား(ဝမ်)	၁၀၉၁. ၈၄	၀. ၀၀၀၉၁၅၈
ယူရို	၀. ၇၀၄၈၁၃	၁. ၄၁၈၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၉၈	၁. ၆၂၀၈၁

အင်တာနက်။

အင်ဂျင်နီယာဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၁၆

နိုင်ငံတကာတက္ကသိုလ်များတွင် ပညာဆည်းပူးနိုင်ရန်အတွက် တိုက်ရိုက်ဝင်ခွင့်၊ ကင်းလွတ်ခွင့်ရရှိပြီး နည်းပညာ၊ အင်ဂျင်နီယာရာထူးဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိထားရန် လိုအပ်ရာ ဂလိုရီအင်ဂျင်နီယာ အတတ်ပညာသင်တန်းကျောင်းမှ အင်ဂျင်နီယာဒီပလိုမာတန်းခွဲသစ်များကို ရုံးချိန်ပြင်ပ သီးသန့်တိုးချဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းသည် အဆင့်မြင့်နည်းပညာနှင့် လေ့ကျင့်ရေးကျောင်းအဖြစ် City & Guilds(UK)မှ အသိအမှတ်ပြုထားပြီး သင်တန်းကာလမှာခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ UK မှ စစ်ဆေးသောစာမေးပွဲ အောင်မြင်ပါက Level (၂)မှ (၅)အဆင့်ရှိ ဒီပလိုမာလက်မှတ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ အဆိုပါလက်မှတ်ရရှိပါက အထက်ဖော်ပြပါ အခွင့်အရေးများရရှိမည့်အပြင် အလုပ်လုပ်ခွင့်ပါမစ်ရရန် အထောက်အကူပြုကြောင်း၊ ဥရောပတွင် အလုပ်လုပ်ပြီး ကျောင်းတက်လိုသူများအတွက်လည်း ဝင်ခွင့်လက်မှတ်အခမဲ့ရယူနိုင်ကြောင်း၊ Level (၂)၊ (၃)သင်တန်းကို တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများတက်ရောက်နိုင်ပြီး Level (၅)သင်တန်းကိုပြည်တွင်း၊ ပြည်ပအင်ဂျင်နီယာဒီပလိုမာရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း၊ မိမိတက်သော ဘာသာရပ်နှင့် သက်ဆိုင်သည့်ကျွမ်းကျင်မှုသင်တန်းနှစ်မျိုးကို အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ အမှတ်(၁၂၅၊ဘီ) ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၃၄၃၁၊ ၀၉-၇၃၁၂၁၇၁၇ နှင့် ၀၉-၅၁၉၇၈၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးဘွဲ့ရများအသင်း ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (မန္တလေး)က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ လုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းရှင်များ၏ ဝါဆိုဦးကုန်စည်ပြပွဲ (၁/၂၀၁၁) ကို မန္တလေးမြို့ ဈေးချိုပလာဇာ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ စီးပွားရေးဘွဲ့ရများနှင့် ယင်းတို့နှင့် ဆက်စပ်လုပ်ငန်းရှင်များသည် ဦးချစ်လှ ဥက္ကဋ္ဌ ဖုန်း-၀၉-၆၅၀၀၂၀၀၊ ဒေါ်နွယ်နီ ဖုန်း-၀၉-၂၀၀၆၇၇၄၊ ဦးခင်မောင်ကျော် ဖုန်း-၀၉-၅၁၆၁၇၇၂၊ ဦးတိုးနိုင် ဖုန်း-၀၉-၂၀၀၆၆၁၂၊ ဒေါ်သီတာငွေ ဖုန်း-၀၉-၂၀၀၂၇၆၇နှင့် ဒေါ်သန်းစိန် ဖုန်း-၀၉-၂၀၀၂၈၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရုရှားပစိဖိတ်ရေတပ်ဌာနချုပ်မှ စစ်သင်္ဘောတစ်စင်း စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်မည်

မော်စကို မေ ၁၆

ရုရှားပစိဖိတ်ရေတပ်ဌာနချုပ်မှ စစ်သင်္ဘောတစ်စင်းသည် ရေတပ်ဆိုင်ရာပြပွဲနှင့် စစ်ရေးလေ့ကျင့်မှု၌ ပါဝင်နိုင်ရန် မေ ၁၆ ရက်မှ ၂၇ ရက်အထိ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားနိုဗိုစတီသတင်းဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

Admiral Panteleyev အမည်ရှိ ရုရှားဖျက်သင်္ဘောသည် စင်ကာပူနိုင်ငံ၌ မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် အာရှပင်လယ်ရေကြောင်း ကာကွယ်ရေးပြပွဲ၌ ပါဝင်ပြသမည်ဖြစ်သည်။ အဆိုပါပြပွဲကို နှစ်နှစ်လျှင် တစ်ကြိမ်ပြသသည်။

ရုရှားစစ်သင်္ဘောများသည် ယခင်ကလည်း အာရှပင်လယ်ရေကြောင်း ကာကွယ်ရေးပြပွဲ၌ ပါဝင်ပြသခဲ့ဖူးကြောင်း ရုရှားရေတပ် ပြောရေးဆိုခွင့်ရှိသူ ရိုမန်မာတော့ဗ်က ပြောကြားသည်။

Admiral Panteleyev စစ်သင်္ဘောသည် မေ ၂၀ ရက်အထိ စင်ကာပူနိုင်ငံ၌ရှိနေမည်ဖြစ်ကြောင်း၊ ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ စစ်သင်္ဘောသည် အင်ဒိုနီးရှားရေတပ်နှင့် ပူးတွဲပြုလုပ်မည့် ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်သည်။

ရုရှားစစ်သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာကာဆာပင်လယ်ဆိပ်ကမ်း၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ ရှိနေမည်ဖြစ်သည်။ **အင်တာနက်။**

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများသို့သွားရောက်မည့် ရုရှားစစ်သင်္ဘောကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ရောင်ခြည် ဘေးအန္တရာယ်ဖြစ်ပေါ်နေသော ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖူကူရှီးမား နျူကလီးယား ကပ်ဘေးဇုန် ဂျပန် တိုးချဲ့သတ်မှတ် နျူစက်ရုံမှ ကီလိုမီတာ ၂၀ ထက်ကျော်သောဒေသမှ ပြည်သူများကို ရွှေ့ပြောင်း

တိုကျို မေ ၁၆

ဂျပန်နိုင်ငံ၌ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်နေသော ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ပတ်လည် ကီလိုမီတာ ၂၀ အကွာအဝေးထက်ကျော်လွန်သောဒေသများရှိ ပြည်သူများကို ဘေးကင်းရာဒေသများသို့ စတင် ရွှေ့ပြောင်း ပေးလျက်ရှိကြောင်း အင်န်အိပ်ချ်ကေရုပ်မြင်သံကြားဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့နှစ်မြို့မှ ဒေသခံပြည်သူ ၇၇၀၀ အနက် ကလေးများနှင့် အမျိုးသမီးများကို ပထမဆုံးရွှေ့ပြောင်းပေးခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ပြောင်းရွှေ့လာကြသော မိသားစုများအတွက် ယာယီတည်းခိုစရာ အဆောက်အအုံများကို တည်ဆောက်ပေးထားကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားကြသည်။

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံပတ်လည်ရှိ ကန့်သတ်နယ်မြေ အကျယ်အဝန်းကို တိုးချဲ့ရန် ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့သည်။

ဓာတ်ရောင်ခြည် တစ်နှစ်လျှင် မီလီဆီးဗတ် ၂၀ အထိ ဖြာထွက်နိုင်သောဒေသများ၌ ပြည်သူများ နေထိုင်ခြင်းမပြုရန် အစိုးရက တိုက်တွန်းနှိုးဆော်ခဲ့သည်။ **အင်တာနက်။**

ဆူနာမီရေလှိုင်းကြိုတင်သတိပေးရေးစနစ် ဗီယက်နမ်တွင် ပထမဆုံးအကြိမ် စမ်းသပ်

ဟနွိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော ဆူနာမီသတိပေးရေးစနစ်ကို မေ ၁၆ ရက်တွင် ပထမဆုံးအကြိမ် စမ်းသပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆူနာမီရေလှိုင်းရိုက်ခတ်မှုပေါ်ပေါက်ပါက ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်နိုင်သည်။ ၂၀၀၄ ခုနှစ်က အာရှဒေသတစ်ဝန်း၌ ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ရာ လူပေါင်း ၂၂၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ အဆိုပါ ဆူနာမီရေလှိုင်း၏ဒဏ်ကို ဗီယက်နမ်နိုင်ငံခံစားခဲ့ရခြင်း မရှိသော်လည်း ကမ္ဘာ့အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်၌ ဆူနာမီသတိပေးစခန်း ၁၀ ခု ဖွင့်လှစ်ထားသည့်အနက် နှစ်ခုတွင် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း ဒါနန်းမြို့ရှိ ဆက်သွယ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒင်ဒတ်သန်းက ပြောကြားသည်။

ယခုစမ်းသပ်မှုမှာ အောင်မြင်ခဲ့ပြီး ကျန်ရှိသောစခန်းရှစ်ခုကို ယခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆူနာမီ သတိပေးရေးစခန်းနှစ်ခု၌ ဆူနာမီရေလှိုင်းဖြစ်ပေါ်သည်ဟု သတိပေးချက်ပေါ်ထွက်ခဲ့ပြီးနောက် အများပြည်သူတို့အား သတိပေးနိုင်ရန် ဥသြဆွဲခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း ဒုတိယဝန်ကြီးချုပ် ဟောင်ထရန်းက ပြောကြားသည်။ **အင်တာနက်။**

ဂွါတီမာလာမြောက်ပိုင်းတွင် ၂၉ ဦး အစုလိုက်အသတ်ခံရ

ဂွါတီမာလာစီးတီး မေ ၁၆

မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ကြသည့် ဒုစရိုက်ဂိုဏ်းများကျက်စားရာ ဂွါတီမာလာ နိုင်ငံမြောက်ပိုင်းရှိ မွေးမြူရေးခြံတစ်ခုအတွင်း၌ ရက်စက်စွာ အသတ်ခံခဲ့ရသူ ၂၉ ဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ရကြောင်း ဂွါတီမာလာ အမျိုးသားရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင်ပြောသည်။

မက္ကဆီကိုနယ်စပ်အနီး ပီတင်ပြည်နယ်အတွင်းရှိ ကာစီရီယိုလာဗွန်ဘာမြို့တွင် အဆိုပါ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် ကလေးနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ပါဝင်သည်။

အသေအပျောက်အများဆုံး

ယခုဖြစ်စဉ်သည် ၁၉၉၆ ခုနှစ်၌ ၃၆ နှစ်ကြာ ပြည်တွင်းစစ်နိဂုံးချုပ်သွားပြီးနောက်ပိုင်း အသေအပျောက် အများဆုံးရာဇဝတ်မှုဖြစ်စဉ်တစ်ရပ် ဖြစ်သည်။

ဂွါတီမာလာ၏ မူးယစ်ရာဇာတစ်ဦးအဖြစ် ယူဆရသည့် ဂျူအန် ဟိုဆေးလီယွန်ဆိုသူ၏ အစ်ကိုဖြစ်သူသည် မေ ၁၄ ရက်က အသတ်ခံခဲ့ရရာ ယင်းဖြစ်ရပ်နှင့် ယခုအစုလိုက် အသတ်ခံရမှုသည် ဆက်စပ်မှုရှိ၊ မရှိကို စုံစမ်းနေကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲ ဂွန်ဇာလက်က ပြောသည်။

အမေရိကန်နိုင်ငံက အလိုရှိနေသော မူးယစ်ရာဇာတစ်ဦးအဖြစ် ယူဆရသူ ဟိုဆေးလီယွန်သည် ၂၀၀၈ ခုနှစ်က ချုံခိုတိုက်ခိုက်ခံခဲ့ရပြီး သေဆုံးခဲ့ရသည်။ ၎င်းအသတ်ခံခဲ့ရခြင်းသည် မက္ကဆီကိုမူးယစ်ဆေးဝါးဂိုဏ်း ဇီးတားစ်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဂွါတီမာလာ အာဏာပိုင်တို့က ယိုးစွပ်ခဲ့သည်။

အသတ်ခံရသူ ၂၉ဦးတို့သည် ကြိုးဖြင့်ချည်နှောင်ခံထားခဲ့ရပြီး အလောင်းများကို စစ်ဆေးကြည့်ရှုရာတွင် ညှဉ်းပန်းနှိပ်စက်ထားသည့် လက္ခဏာများတွေ့ရသည်ဟု ရဲတပ်ဖွဲ့ကပြောသည်။ **အေပီ။**

အင်ဒဲဗား လွန်းပြန်ယာဉ် နောက်ဆုံးခရီး လွှတ်တင်
အာကာသယာဉ်မှူးများ နိုင်ငံတကာ အာကာသစခန်းယာဉ်၌ ၁၆ ရက်ကြာ နေထိုင်မည်

ကိတ်ကာနေဗာရဲလ်(ဖလော်ရီဒါ) မေ ၁၆

အင်ဒဲဗား အာကာသလွန်းပြန်ယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ အာကာသစခန်းမှ မေ ၁၆ရက် နံနက်ပိုင်းတွင် လွှတ်တင်လိုက်ပြီဖြစ်သည်။ ယခုခရီးစဉ်သည် အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အာကာသအစီအစဉ်များ၌ ၁၉ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော အင်ဒဲဗားလွန်းပြန်ယာဉ်၏ နောက်ဆုံးခရီးစဉ်လည်းဖြစ်သည်။

ယာဉ်မှူးခြောက်ဦး

အင်ဒဲဗားလွန်းပြန်ယာဉ်ကို မေ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၆ မိနစ်တွင် လွှတ်တင်ခဲ့ပြီး အာကာသယာဉ်မှူးခြောက်ဦးပါအဖွဲ့တစ်ဖွဲ့လိုက်ပါသွားခဲ့သည်။ ယင်းအာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းတွင် ၁၆ ရက်ကြာနေထိုင်ပြီး နက္ခတ္တရူပဗေဒဆိုင်ရာ ရှေ့ပြေးစမ်းသပ်ချက် တစ်ရပ်ကို လုပ်ဆောင်ကြမည်ဖြစ်သည်။

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ယခုနှစ်နွေရာသီတွင် လွန်းပြန်ယာဉ်လွှတ်တင်မှု အစီအစဉ်တစ်ကြိမ်ပြုလုပ်ရန်ရှိပြီး လွှတ်တင်မည့် လွန်းပြန်ယာဉ်မှာ အတ္တလန်တစ်ဖြစ်သည်။ အတ္တလန်တစ်လွန်းပြန်ယာဉ်သည် ယခုလွှတ်တင်လိုက်သော လွန်းပြန်ယာဉ် အင်ဒဲဗား၏ ညီအစ်မလွန်းပြန်ယာဉ်ဖြစ်သည်။

အနားပေးမည်

နောက်ထပ်အသစ်တစ်စုံတစ်ရာမစတင်မီ နှစ်ပေါင်း ၃၀ ကြာညောင်းခဲ့ပြီဖြစ်သော ၎င်း၏ အာကာသယာဉ်အစီအစဉ်ကို အနားပေးတော့မည်ဖြစ်သည်။

အင်ဒဲဗားနှင့်အတူ ဝါရင့်အာကာသယာဉ်မှူးများဖြစ်ကြသည့် အမေရိကန်လူမျိုးငါးဦးနှင့် အီတလီလူမျိုးတစ်ဦးတို့သည် နိုင်ငံတကာ အာကာသစခန်းသို့ ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိကြမည်ဖြစ်သည်။

လာရောက်ကြည့်ရှု

အင်ဒဲဗား၏ နောက်ဆုံးပျံသန်းမှုကို ကြည့်ရှုရန်အတွက် နာဆာ၏ အာကာသယာဉ်များ လွှတ်တင်သည့် စခန်းနှင့် လမ်းများပေါ်တွင် ရောက်ရှိနေကြသော ဧည့်ပရိသတ်တို့မှာ ခန့်မှန်းခြေအားဖြင့် ၄၅၀၀၀ အထိ ရှိသည်ဟု ဆိုသည်။

လျှပ်စစ်ပိုင်းဆိုင်ရာ ပြဿနာကြောင့် ဧပြီ ၂၉ ရက်နေ့တွင် လွှတ်တင်နိုင်ခြင်းမရှိဘဲ နှစ်ပတ်ကြာမျှ အချိန်ယူပြင်ဆင်ခဲ့ရသည်။

အင်တာနက်။

အင်ဒဲဗားလွန်းပြန်ယာဉ် လွှတ်တင်မှုအား စောင့်ဆိုင်းကြည့်ရှုနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကရာချိမြို့ရှိ ဆော်ဒီသံရုံးမှ ဝန်ထမ်းတစ်ဦး ကားမောင်းလာစဉ် သေနတ်ဖြင့်ပစ်ခတ်ခံရကာ သေဆုံး

ကရာချိ မေ ၁၆

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဆော်ဒီအာရေဗျသံရုံးမှ ဝန်ထမ်းတစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရခြင်းကြောင့် သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက မေ ၁၆ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျသံရုံး၏ လိုင်စင်နံပါတ်ပြားတပ်ဆင်ထားသော ကားတစ်စီးသည် အဆိုပါ သံရုံးတည်ရှိရာသို့ မောင်းနှင်လာစဉ် သံရုံးမှ တစ်ကီလိုမီတာခန့်အကွာ လမ်းဆုံတစ်နေရာ၌ ခေတ္တရပ်နားချိန်အတွင်း တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ဂျီအီးအိုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

မော်တော်ဆိုင်ကယ်များဖြင့်လိုက်ပါလာသော သေနတ်သမားနှစ်ဦးက ဆော်ဒီသံရုံးပိုင်ကားကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့ကြသည်။ သေနတ်ဖြင့်ပစ်ခတ်ခံရသူမှာ သံရုံး၏လုံခြုံရေးဝန်ထမ်း တစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ သံတမန်တစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း ပါကစ္စတန်သတင်းဌာနများက အမျိုးမျိုးရေးသားဖော်ပြလျက်ရှိသည်။

မေ ၁၁ ရက်ကလည်း ကရာချိမြို့ရှိ ဆော်ဒီအာရေဗျသံရုံးခြံဝင်းအတွင်းသို့ ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်တိုက်ခိုက်သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရသူ မရှိခဲ့ပေ။ **အင်တာနက်။**

အမေရိကန်ပြည်ထောင်စု၏ ဥရောပဒုံးကျည်ကာကွယ်ရေးစနစ် စမ်းသပ်မှုတစ်ရပ်။

ဥရောပတွင် အမေရိကန်က ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မည်ဆိုပါက မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်သစ်မှ ရုရှား နုတ်ထွက်နိုင်

မော်စကို မေ ၁၆

ဥရောပတိုက်၌ အမေရိကန်ပြည်ထောင်စု၏ ဒုံးကျည်ကာကွယ်ရေးစနစ် ဆက်လက်ဖြန့်ကြက်မှုကြောင့် ရုရှားနိုင်ငံအနေဖြင့် မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်သစ်(စတာ့သ်)မှ နုတ်ထွက်ပိုင်ခွင့်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များကို ခြိမ်းခြောက်လာသည့် အနေအထားသို့ ရောက်ရှိလာပါက မိမိတို့အနေဖြင့် စတာ့သ်စာချုပ်မှနုတ်ထွက်ခွင့်ရှိကြောင်း ရုရှားအစိုးရက မကြာခဏ သတိပေးပြောကြားခဲ့ပြီး ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့အနေဖြင့် ရုရှားနိုင်ငံ၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဒုံးကျည်ကာကွယ်ရေးတံတိုင်းကို တည်ဆောက်မည်ဆိုပါက ရုရှားနိုင်ငံသည် လိုအပ်သော တုံ့ပြန်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ယင်းသို့သော အခြေအနေမျိုးတွင် အင်အားချိန်ခွင်လျှာ တိမ်းစောင်းမှုကို ပြန်လည်ထိန်းညှိရန် ရုရှားနိုင်ငံက လိုအပ်သလို လုပ်ဆောင်ရမည်ဖြစ်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ အဆိုကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ဒုံးကျည်ကာကွယ်ရေးတံတိုင်းကို ရုရှားနိုင်ငံအား ရည်ရွယ်တည်ဆောက်ခြင်းမဟုတ်ကြောင်း အမေရိကန်အစိုးရက တရားဝင် အာမခံချက်ပေးခြင်းမရှိသောကြောင့် ရုရှားနိုင်ငံအနေဖြင့် စိတ်ပျက်ရကြောင်း ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အင်တာနက်။

လေယာဉ်တင်သင်္ဘော အခြေစိုက် မောင်းသူမဲ့လေယာဉ်များ အမေရိကန်စစ်ဘက် တည်ဆောက်နေဟုဆို

ယိုကိုဆူကာ မေ ၁၆

တရုတ်နိုင်ငံက စစ်အင်အားတိုးမြှင့် တည်ဆောက်လာမှုကို တုံ့ပြန်ရန် ကြိုးပမ်းသည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုသည် လေယာဉ်တင်သင်္ဘောများပေါ်တွင် သယ်ဆောင်အသုံးပြုနိုင်သော မောင်းသူမဲ့လေယာဉ်များကို တည်ဆောက်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လက်နက်တပ်ဆင်နိုင်မည့် အဆိုပါ မောင်းသူမဲ့လေယာဉ်များကို မည်သည့်နေရာ၌ သုံးစွဲမည်ဆိုသည်ကို အမေရိကန်အာဏာပိုင်များက ဖွင့်ဟပြောကြားခြင်း မရှိခဲ့သော်လည်း ယင်းလေယာဉ်အချို့ကို အာရှဒေသ၌ ဖြန့်ကြက်အသုံးပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန်ရေတပ် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြေပြင်အခြေစိုက် မောင်းသူမဲ့လေယာဉ်များကို အမေရိကန်စစ်ဘက်က အာဖဂန်စစ်မြေပြင်၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်။ သို့ရာတွင် ပင်လယ်ပြင်အခြေစိုက် မောင်းသူမဲ့လေယာဉ်များကို တည်ဆောက်၍ လက်တွေ့အသုံးပြုနိုင်ရေးမှာ နှစ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုကို တုံ့ပြန်နိုင်ရန် ဝေဟင်နှင့် ရေပြင်တို့၌ အသုံးပြုနိုင်မည့် စက်ရုပ်နည်းပညာသုံးယာဉ်များမှာ ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း ဝါရင့်စစ်ရေးအကဲခတ်တစ်ဦးက ဆိုသည်။

လေယာဉ်တင်သင်္ဘော အခြေစိုက် မောင်းသူမဲ့လေယာဉ်များသည် အမေရိကန်ရေတပ်၏ ထောက်လှမ်းရေးစွမ်းရည်ကို ပိုမိုတိုးမြှင့်စေမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ယိုကိုဆူကာ အခြေစိုက် အမေရိကန် အမှတ်(၇)ရေတပ်တပ်မှူးစကော့ဗင်ဘတ်စ်ကက်စ်က ပြောကြားသည်။

ပင်လယ်ပြင် အခြေစိုက် မောင်းသူမဲ့လေယာဉ်များကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားသော အမေရိကန်လေယာဉ်တင်သင်္ဘော ၁၁ စင်းအနက် မည်သည့် လေယာဉ်တင်သင်္ဘော၌မဆို အသုံးပြုနိုင်ကြောင်း၊ စစ်ရေးတည်ဆောက်မှုကို တုံ့ပြန်ရန်သက်သက်အတွက်သာ အထူးရည်ရွယ်တည်ဆောက်နေခြင်းမျိုး မဟုတ်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ကြသည်။

အင်တာနက်။

ဂါဇာဒေသသို့လာရောက်သည့် မလေးရှားထောက်ပံ့ရေး ရေယာဉ်တစ်စင်းကို အစ္စရေးရေတပ် ကြားဖြတ်ဟန့်တား

ဂျေရုဆလင် မေ ၁၆

ဟားမားစ် လက်နက်ကိုင်အုပ်စုက ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်သွားရောက်နေသည့် မလေးရှား စစ်ဆန့်ကျင်ရေး အုပ်စုတစ်စု၏ ထောက်ပံ့ရေး သင်္ဘောတစ်စင်းကို အစ္စရေးစစ်ဘက်က တနင်္လာနေ့တွင် ကြားဖြတ်ဟန့်တားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသသို့ ချဉ်းကပ်လာသော မလေးရှား ထောက်ပံ့ရေးသင်္ဘောတစ်စင်းကို အီဂျစ်နိုင်ငံသို့ ပြန်လှည့်ရန်အတွက် အစ္စရေးရေတပ်က သတိပေးပစ်ခတ်မှု ပြုလုပ်ခဲ့ရကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံမှ ပါဒီနာ ကမ္ဘာ့ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ အမ်ဗွီဖင့်ချ်အမည်ရှိ သင်္ဘော၌ ဂါဇာဒေသကို ထောက်ပံ့ရန်အတွက် ရေဆိုးထုတ်ပိုက်များ တင်ဆောင်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးရေတပ်က ကြားဖြတ်ဟန့်တားခဲ့စဉ် အမ်ဗွီဖင့်ချ် သင်္ဘောသည် ဂါဇာကမ်းရိုးတန်းမှ မီတာ ၄၀၀ ခန့်အကွာ ပါလက်စတိုင်းလုံခြုံရေးနယ်မြေထဲ၌ ရောက်ရှိနေကြောင်း ပါဒီနာဖောင်ဒေးရှင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်ဗွီဖင့်ချ် ဂါဇာထောက်ပံ့ရေးသင်္ဘောကို အစ္စရေးရေတပ်က ကြားဖြတ်ဟန့်တားခဲ့မှုနှင့်ပတ်သက်၍ ပင်လယ်ဓားပြအပြုအမူအဖြစ် ဂါဇာဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယားက ပြစ်တင်ရှုတ်ချခဲ့သည်။ အစ္စရေးရေတပ်က ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုအား ကြိုးပမ်းချိုးဖျက်ကြရန်လည်း အခြားထောက်ပံ့ရေးသင်္ဘောအုပ်စုများကို ဂါဇာဝန်ကြီးချုပ်က တိုက်တွန်းလိုက်သည်။

လာမည့်ဇွန်လတတိယပတ်အတွင်း ထောက်ပံ့ရေးသင်္ဘောအုပ်စုတစ်စုသည် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန် စီစဉ်လျက်ရှိသည်။

ဂါဇာကမ်းမြောင်သို့ လာရောက်မည့် မည်သည့်ရေယာဉ်အုပ်စုကိုမဆို တားဆီးသွားမည်ဖြစ်ပြီး ယင်းသို့ တားဆီးရန်လည်း ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်က အတည်ပြု ပြောကြားခဲ့သည်။

အင်တာနက်။

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အက်ရှ်ဒေါ့ဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်လာသော အစ္စရေးရေတပ် စစ်သင်္ဘောတစ်စင်း။

သန္တာကျောက်တန်းများ တူးဖော်၍ သတ္တုတူးယူမှုကြောင့် တောင်အာရှဒေသမှ ကျွန်းနှစ်ကျွန်း ရေအောက်နစ်မြုပ်ခဲ့ရ

နယူးဒေလီ မေ ၁၆

သန္တာကျောက်တန်းများကို တူးဖော်စိတ်ခွဲ၍ သတ္တုများ ရှာဖွေခဲ့ကြမှုကြောင့် တောင်အာရှဒေသ၏ ပထမဆုံးသော အဏ္ဏဝါဇီဝစက်ဝန်းထိန်းသိမ်းရေး ရေပြင်အတွင်းရှိ ကျွန်းငယ်နှစ်ကျွန်းသည် ရေအောက်သို့ နစ်မြုပ်ခဲ့ရပြီဖြစ်ကြောင်း မေ ၁၄ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေအောက်သို့နစ်မြုပ်ခဲ့ရသည့် ပိုမာရီချန်နှင့် ဗီလန်ဂူချာလီ အမည်ရှိ ကျွန်းငယ်နှစ်ကျွန်းသည် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့ အကြား မန်နာပင်လယ်ကွေ့ဒေသတွင်းရှိ ကျွန်းစုတစ်စု၌ ပါဝင်သော ကျွန်းများဖြစ်သည်။

ဧရိယာစတုရန်းမိုင် ၂၁၆ မိုင် အဝန်းအဝိုင်းအတွင်း ကျွန်းကြီးကျွန်းငယ် ၂၁ ကျွန်းဖြင့် ဖွဲ့စည်းတည်ရှိသော ယင်းကျွန်းစုဒေသကို မန်နာပင်လယ်ကွေ့ အမျိုးသားအဏ္ဏဝါဥယျာဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကာကွယ်စောင့်ရှောက်ထားသည်။

ပိုမာရီချန်နှင့် ဗီလန်ဂူချာလီကျွန်းများ ဝန်းကျင်ရှိ သန္တာကျောက်တန်းများကို ဒေသခံတံငါသည်များက တူးဖော်၍ ဆယ်စုနှစ်ပေါင်းများစွာကပင် သတ္တုများ ရှာဖွေခဲ့ကြကြောင်း တမီလ်နာဒူးပြည်နယ် သစ်တောနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သန္တာကျောက်တန်းများကို တူးဖော်၍ သတ္တုရှာဖွေမှုအား ၂၀၀၂ ခုနှစ်မှသာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ တားမြစ်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ပိုမာရီချန်နှင့် ဗီလန်ဂူချာလီကျွန်းများ ရေအောက်နစ်မြုပ်ရခြင်း၏ နောက်ခံအကြောင်းတရားများထဲတွင် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာရမှုလည်းပါဝင်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

သို့ရာတွင် ယင်းကျွန်းများတည်ရှိရာ အင်ဒို-ပစိဖိတ်ရေပြင်ဒေသ၌ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာနှင့်စာလျှင် မများလှခြင်းကြောင့် ကျွန်းများ ရေအောက်နစ်မြုပ်မှု၏ အဓိကအကြောင်းရင်းသည် သန္တာကျောက်တန်းများအား တူးဖော်၍ သတ္တုရှာဖွေမှုကြောင့်သာဖြစ်ကြောင်း ဗြိတိသျှအဏ္ဏဝါဗေဒပညာရှင်တစ်ဦးကဆိုသည်။

သန္တာကျောက်တန်းများ၌ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် သဘာဝကုန်ကြမ်း တစ်မျိုးဖြစ်သော ကယ်လ်စီယမ်ကာဗွန်နိတ် သယံဇာတများ ပေါကြွယ်ဝသည်။

အင်တာနက်။

သတ္တုထုတ်ယူရန် တူးယူထားသော သန္တာကျောက်များ

ကမ္ဘာ့ငရုတ်ကောင်းတင်ပို့မှုတွင် ဗီယက်နမ်ထိပ်တန်းနိုင်ငံဖြစ်လာ

ဟန်နွိုင်း မေ ၁၆

ယခုနှစ် ပထမလေးလပတ်တွင် ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ငရုတ်ကောင်းတန်ချိန် ၄၂၀၀၀ တင်ပို့ခဲ့ကာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၈ သန်းရရှိခဲ့ပြီး ပြည်ပသို့ ငရုတ်ကောင်းတင်ပို့မှု အများဆုံးဖြစ်သော အိန္ဒိယနိုင်ငံကို ကျော်ဖြတ်၍ ကမ္ဘာ့အကြီးဆုံး ငရုတ်ကောင်းတင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၀ ခုနှစ်၏ ဒုတိယခြောက်လ ငရုတ်ကောင်းဈေးနှုန်းသည် ပထမခြောက်လကထက် ၄၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ဆက်လက် မြင့်တက်ဆဲဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာနမှ ပြောကြားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ပြည်ပသို့ငရုတ်ကောင်းတန်ချိန် ၁၂၀၀၀၀ ခန့် တင်ပို့နိုင်ပြီးဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၄၇၀ ရရှိနိုင်မည်ဟု မျှော်မှန်းထားသည်ဟု ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှပြောကြားသည်။သို့ရာတွင် အခြားငရုတ်ကောင်းတင်ပို့သည့် နိုင်ငံများဖြစ် ကြသည့် အိန္ဒိယ၊ ဘရာဇီးနှင့် အင်ဒိုနီးရှားတို့အနေဖြင့် ပြည်ပသို့ ငရုတ်ကောင်းတင်ပို့ရာတွင် အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် တင်ပို့ကာ ပိုမိုဈေးကောင်းရရှိနေကြသော်လည်း ဗီယက်နမ်အနေဖြင့် ငရုတ်ကောင်းကို ကုန်ကြမ်းအဖြစ်သာ ပြည်ပသို့ တင်ပို့နေရဆဲဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကဆုန်လမှာ ပူဇော်ပါ

ကုမုဒြာ

❖ ဗျာဒိတ်တော်ပန်း၊ ဆင်မြန်းကဆုန်
မယ်တော်ဝမ်းမှ၊ လှမ်းကြွကဆုန်
ရွှေညောင်ဗောဓိ၊ ပေါက်သည့်ကဆုန်
မြတ်ဗုဒ္ဓ ဖြစ်ရဉ်ကဆုန်။

❖ ဗုဒ္ဓဝင်စစ်၊ ဟောလစ်ကဆုန်
ခန္ဓာရုပ်သိမ်း၊ ချုပ်ငြိမ်းကဆုန်
ဓာတ်ပေါင်းစုရုံး၊ ချုပ်ဆုံးကဆုန်
မြတ်ဗုဒ္ဓ ဖြစ်ရဉ်ကဆုန်။

ဝန်းကျင်သည် စိမ်းစိုလန်းဆန်းလှ၏။

ညောင်ရွက်လှုပ်သံ တသဲသဲသည် လေနုအေး၏ပြယုဂ်ကို ဆောင်၏။ ပြတင်းကိုအဖွင့် လှပသောငှက်ငယ်တစ်ကောင်၏ ပျံသန်းဟန်ကိုမြင်ရ၏။ မိုးသားတို့ချင်းနင်းဝင်ရောက်လုလုကာလ။ ကောင်းကင်ယံဝယ် မိုးတလိုက် လေတလိုက် မြူးဟန်ကိုမြင်ရ၏။ ပူလောင်မှုကို ပြေပျောက်စေသော နွေလေနုအေးက ဝေ့ဝဲတိုက်ခတ်လာ၏။ ဩော်. . . ကဆုန်လတွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပါပကော။

မနေ့က ကျောင်းသူလေးမြနန္ဒာက ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းခြင်းနှင့်စပ်လျဉ်း၍ မိမိကိုမေး၏။ သူ့အမေးကိုဖြေခိုက် ဆရာ့ကို သတိတရရှိမိ၏။ ခုတော့လည်း ဆရာသင်ကြားပေးခဲ့၍သာ ဤကလေးငယ်ကို ပြန်လည်ပို့ချခွင့်ရလေ၏။ သိလိုစိတ်ဖြင့် ဝန်းဝိုင်းစူးစိုက်နေသော မြနန္ဒာ၏ မျက်လုံးလေးများက ကြယ်ပွင့်လေးများနှယ် ပြိုးပြိုးပြက်ပြက်လက်၍နေ၏။ ကဆုန်ဦးစ လေက သုန်သုန်ဖြူး၍ လာပါချေသည်။ စိတ်သည် အတိတ်သို့ လွင့်၏။ အရိပ်ကြီးမားခက်လက်ဝေဆာသည့် ပင်ရိပ်ညောင်ညိုအောက်ဝယ် ရေသွန်းဒါနပြုကြရင်း ဆရာပြောကြားခဲ့သည့် စကားဝါကျတို့က ဆယ်စုနှစ်နှစ်ခုခန့်သို့ကျော်လွန်၍ လှိုင်းအိလေးများသဖွယ် တငြိမ့်ငြိမ့်ပြေး၍ လာပါချေသည်။

× × × × × × ×

"သက်ရှိထင်ရှား မြတ်စွာဘုရားကဲ့သို့ အမှတ်သညာပြု၍ ပူဇော်ထိုက်တဲ့ အထဲမှာ ဗောဓိပင်လည်းပါတယ် တပည့်တို့။ စေတီလေးမျိုးရှိတာ တပည့်တို့ သိကြပြီးသားပဲ။ ဓာတုစေတီတော်၊ ဓမ္မစေတီတော်၊ ဥဒ္ဒိဿစေတီတော်နဲ့ ပရိဘောဂစေတီတော်တို့ ဖြစ်တယ်။ ဓာတုစေတီဆိုတာက မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကျန်ရစ်ခဲ့တဲ့အရိုးဓာတ်တော်တွေပဲ။ ဓမ္မစေတီဆိုတာကတော့ မြတ်စွာဘုရားရှင်ဟောကြားခဲ့တဲ့ တရားတော်များ၊ ပိဋကတ်တော်များပဲဖြစ်ကြတယ်။ ဥဒ္ဒိဿစေတီ ဆိုတာကတော့ သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်းထားတဲ့ ဘုရားရှင်၏ကိုယ်ပွား၊ ရုပ်ပွားတော်၊ ဆင်းတုတော်တွေပဲ ဖြစ်တယ်။ နောက်ဆုံးတစ်မျိုးကတော့ ပရိဘောဂစေတီတော်ပဲ။ ဓာတ်တော်တွေဌာပနာထားတဲ့ အုတ်သားစေတီတော်၊ ရုပ်ပွားတော်များ ကိန်းဝပ်ရာဖြစ်သော ပြာသာဒ်၊ ဗောဓိပင်စသည်များ၊ မြတ်စွာဘုရားရဲ့ အသုံးအဆောင်များဖြစ်ကြတဲ့ သပိတ်၊ သင်္ကန်းစသည်တို့ပဲဖြစ်ကြတယ်။ ဒါကြောင့် ဗောဓိပင်ဟာ စေတီတော်လို့ တပည့်တို့သိကြရပြီ။ ဒီမှာ အလျဉ်းသင့်လို့ ပြောချင်တာက မြတ်စွာဘုရားလောင်းတော် ဖွားမြင်တော်မူတဲ့ အခိုက်ကာလမှာ ဖွားဖက်တော်ခုနစ်ဖော်တို့ ဖြစ်ပေါ်လာကြတယ်။

(၁)ယသော်ဓရာမင်းသမီး၊ (၂)အာနန္ဒာမင်းသား၊ (၃)ဆန္ဒအမတ်၊ (၄)ကာဠုဒါယီအမတ်၊ (၅)ကဏ္ဍကမြင်းတော်၊ (၆)မဟာဗောဓိ (ဗုဒ္ဓဟေညောင်ပင်)၊ (၇)ရွှေအိုးကြီးလေးလုံးတို့ ဖြစ်ကြတယ်။

မဟာဗောဓိပင်ကတော့ မဇ္ဈိမဒေသ ဥရုဝေလတောအတွင်း ဘုရားရှင်တို့ ပွင့်တော်မူရာ ဗဟိုအချက်အချာအောင်မြေဒေသမှာ ပေါက်လာခြင်းဖြစ်တယ်။ ဤတွင်မှ မိမိတို့အရိပ်ခိုကာ မှီတွယ်နေသော ဗောဓိညောင်ပင်၏ အနှစ်သာရကို သဘောပေါက်မိ၏။ ခေါင်းထက်မှ ရေအိုးကလေးက ပိုမိုအေးမြလာသလို ခံစားရလေသည်။

"မြတ်စွာဘုရားကို ပူဇော်တာလေ တပည့်တို့ရဲ့။ ကဆုန်လပြည့်နေ့ဟာ ဘုရားအလောင်းတော်များ ဗျာဒိတ်ခံယူတော်မူသောနေ့၊ ဘုရားဖြစ်တဲ့ဘဝမှာ ဖွားမြင်တော်မူရာနေ့၊ ဘုရားဖြစ်တော်မူရာနေ့၊ ပရိနိဗ္ဗာန် စံတော်မူရာနေ့ဆိုတဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်တဲ့ ကဆုန်လပြည့်နေ့မှာ ညောင်ရေသွန်းခြင်း အမှုပြုကြတယ်။ နောက်တစ်ခုက ကဆုန်လဆိုတာ ကဆိန္ဒဆိုတဲ့ပါဠိက ဆင်းသက်လာတာ။ (က-ရေ၊ ဆိန္ဒ-ပြတ်သည်) ဒါကြောင့် ကဆိန္ဒဟာ မြေဓာတ်မှာ ရေပြတ်သောလလို့ အဓိပ္ပာယ်ရတယ်။ အဲဒီရေပြတ်သောလမှာ ဗောဓိပင် သေမသွားစေရန် ရေသွန်းလောင်းပေးရတယ်လို့ ဆိုတယ်။ မည်သို့ပင်ဖြစ်စေ မြတ်စွာဘုရားရဲ့ ပရိဘောဂစေတီတော်ထိုက်တဲ့ ဗောဓိပင်ကို ရေသွန်းပူဇော်ရခြင်းဟာ ကောင်းမွန်မြင့်မြတ်တဲ့ ပူဇော်မှုကြီးဖြစ်ကြောင်း တပည့်တို့သိကြရပြီ။ ဒါကြောင့် ခုဆရာရွတ်ဆိုပြမယ့် ဗောဓိပင်ဘုရားရှိခိုးကို နှုတ်တက်ရွရွ လိုက်ဆိုပြီး ပူဇော်ကြရအောင်လား တပည့်တို့ . . .။

ဣတိဝဏ္ဏေန သီလေန၊ ဈာနာဉာဏာ သမဂ္ဂိနံ။
ဝန္ဒာမိ သိရသာ ဗုဒ္ဓံ၊ ဗုဒ္ဓဿ ပရိဘောဂိကံ။

"ဣတိ-ဤသို့ဆိုအပ်ခဲ့ပြီးသော၊ ဝဏ္ဏေန-သိင်္ဂီရွှေစစ် ဇမ္ဗူရာဇ်ကဲ့သို့ ဝါနစ်သန့်စင် ကြည်လင်သော အဆင်းတော်နှင့် လည်းကောင်း၊ သီလေန-မြေကြီးသဖွယ်ဆန်းကြယ်ကြီးထု နှိုင်းမပြုအပ်သော စတုပါရိသုဒ္ဓိ သီလတော်မြတ်နှင့်လည်းကောင်း၊ ဈာနာဈာနေန-မြင်းမိုရ်သမုဒ္ဒရာ ပမာနှိုင်းညှိတိုင်းမသိသည့် သမာဓိဌာန် တန်ခိုးချွန်သော ဈာန်သမာပတ်တော်နှင့် လည်းကောင်း၊ ဉာဏာဉာဏေန-မငြိမတွယ် လေနှယ်လျင်လျား လိုတိုင်းသွားသော ဉာဏ်တော်နှင့် လည်းကောင်း၊ သမင်္ဂိနံ- ပြည့်စုံတော်မူပေသော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ ဝန္ဒာမိ-ရှိခိုးပါ၏ ဘုရား။

ဗုဒ္ဓဿ-မြတ်စွာဘုရား၏ ပရိဘောဂိကံ-အဆုံးအထင်ဖြစ်သော မဟာဗောဓိ ပရိဘောဂစေတီတော်မြတ်ကို၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့် ဝန္ဒာမိ-ရှိခိုးပါ၏ ဘုရား"။

× × × × × × ×

ရှိခိုးပါ၏ ဘုရားတဲ့။

ရင်ထဲလန်းလှ၏။ ဗောဓိပင်ကို လက်ယာရစ်ပူဇော်ကာ ညောင်ရေသွန်းလောင်း၏။ ကုသိုလ်ယူကြ၏။ အကုသိုလ်အညစ်အကြေးတို့ ကင်းစင်သွားသကဲ့သို့ ခံစားရလေသည်။

ထိုစဉ်က ဆရာ၏ အပြုံးမှာ ကျက်သရေတင့်လှ၏။ ဆရာ့ကြောင့်ပင် မြတ်ကဆုန်၏ ဘုန်းတော်၊ ဂုဏ်တော်တို့ကို အံ့ချီးပူဇော်ခွင့်ရ၏။ နားလည်ရင့်ကျက်၏။ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လာ၏။ ခုတော့ ဆရာသည်လည်း ဘယ်ဆီဘယ်ဝယ်၌ မသိနိုင်ပြီ။ မိမိပင် ဤအသက်ဤအရွယ်မို့ ဆရာရှိလျှင်လည်း အိုမင်းမစွမ်းဖြစ်ရော့မည်။ ကျောင်းဆရာဘဝမှ အငြိမ်းစားယူပြီးနောက် တရားအလုပ်ဖြင့်သာ မွေ့လျော်နေပြီဖြစ်သောဆရာသည် တရားတန်ခိုးကြောင့် နုပျိုဆဲလည်းရှိနိုင်ပေ၏။ ကျန်းမာဆဲလည်းရှိနိုင်ပေ၏။

ဓမ္မနှင့်စပ်သမျှ သင်ကြားပြသပေးကုန်သော ဆရာနှင့်တကွသော ဆရာသခင်ကျေးဇူးရှင်အပေါင်းတို့ကား ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်ပေ၏။ ခင်ပွန်းကြီးဆယ်ပါးကို လက်အုပ်ချီမိုး ရှိခိုးမိ၏။ ညောင်ရွက်လှုပ်သံ တဖျပ်ဖျပ်က နှလုံးအိမ်ကို သာယာချမ်းမြေ့စေ၏။

ပရိဘောဂစေတီထိုက်ရာ မဟာဗောဓိညောင်ပင်အား လက်စုံမိုးရင်း မြတ်ဗုဒ္ဓအား ရည်မှတ်ကော်ရော်လျက် နှလုံးသားနုနုဝယ် စေတီတစ်ဆူ တည်လိုက်ရပါပေသတည်း။ ။

ဗျာဒိတ် ဖွားမြင် ဗောဓိပင် စံဝင်နိဗ္ဗာန်နန်း

❋ ဒီပင်္ကရာ မြတ်စွာဗုဒ္ဓ
မြန်းကာကြွမည့် ပီတိကြမ်းတမ်း
ရွံ့ညွှန်လမ်းမှာ မှောက်ကာတံတားပြု
ပေးလှူမှုကြောင့် သုမေဓာအား
ဘုရားဖြစ်ရေး ဗျာဒိတ်ပေးသည့်
လပြည့်ကဆုန်ချိန်ခါတည်း။

❋ တုသိတာမည် နတ်တို့ပြည်မှ
ကပိလဝတ်နေ မာယာဒေဝီ
မဟေသီ၏ အမိဝမ်းတွင်
ကိန်းဝင်သန္ဓေ ပျော်နေခါစေ့
ဖွားမြင်နေ့ခါ မင်္ဂလာကား
မဟာကဆုန်လပြည့်တည်း။

❋ ထူးမြတ်လှစွ ညောင်ဗုဒ္ဓရှင်
ဗောဓိပင်တည့် လပြည့်ကဆုန်
ခါခွင့်ကြုံသား ဖွားဖက်ဖွားဖော်
ခုနစ်ဖော်တွင် သက်တော်ထင်ရှား
ဘုရားရှိစဉ် ခေါ်တွင်စေတိယ
မြွက်ဟရှင်တော်ကိုယ်တိုင်တည်း။

❋ ယနာဆွမ်းမွှေး ဘုဉ်းပေးပြီးခါ
သောတ္ထိယာထံမှ လှူခံမြက်ထုပ်
ရစ်ဆုပ်ပြုပြင် ပလ္လင်ထက်မှာ
ပုဒ်အာဉာဏ် သုံးတန်အောင်ကာ
မြတ်စွာဗုဒ္ဓ ပွင့်ခဲ့ရသည်
ရွှေပြည်နိဗ္ဗာန်မှန်းမျှော်တည်း။

❋ သက်တော်ရှစ်ဆယ် အရွယ်တော်ခါ
ဝါလေးဆယ့်ငါး မြတ်ဘုရားသည်
ရွှေပြည်နိဗ္ဗာန် စံဝင်ခါကြုံ
လကဆုန်၏ လပြည့်နေ့ကား
တရားသံဝေ ထွေထွေသိမြင်
နိဗ္ဗာန်ဝင်သည့် ရက်မြတ်တည်း။

❋ ဗျာဒိတ်၊ ဖွားမြင် ဗောဓိပင်နှင့်
စံဝင်နိဗ္ဗာန် ဖန်ဖန်ခါကြုံ
လကဆုန်၏ လပြည့်ကာလ
သမယတွင် ဒါနသီလာ
ဘာဝနာမှု ပြုကြခါခါ
သွန်းဖြာညောင်ရေ အေးစေတည်း။
ဘယာဘေးတို့ ဝေးစေတည်း။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

(၁၃၇၃ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဇောတိက ဟောကြားတော်မူအပ်သော "ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်

၈း၀၀ ၅။ အင်္ဂုလိမာလ်(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)

၈း၁၀ ၆။ ဓမ္မပူဇာတေးအစီအစဉ်

၈း၄၀ ၇။ ကုသိုလ်ပန်းဝေသွန်းညောင်ရေ

၈း၅၀ ၈။ International News

၈း၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅ ၁။ AFC President's Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် [ရတနာပုံ(MYA) အသင်းနှင့် FC Istiklol(TJK) အသင်း]

၅း၁၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅း၃၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်

၅း၄၀ ၅။ ကဆုန်လပြည့်နေ့တေးများ

၅း၅၀ ၆။ "ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွဲပျော် ညောင်ရေသွန်းပွဲတော်"

၆း၀၀ ၇။ ညနေခင်းသတင်း

၆း၁၅ ၈။ မိုးလေဝသအခြေအနေ

၆း၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၆း၃၅ ၁၀။ ဆိုလိုက်ကြစို့

၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၂)**

၈း၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ ရယ်စရာဟာသများ

၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၂၉)**

၁၇။ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ "ကဆုန်လပြည့် ဗုဒ္ဓနေ့" တရားတော် (သံဝေဇနီယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)

၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၁၉။ အစီအစဉ်ပြီး၏။

ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာ ဆွေးနွေး

မကွေး မေ ၁၆

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များ ပြန်လည်ရှင်းလင်းပွဲကို မေ ၄ ရက်က မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်က လုပ်ငန်းဆိုင်ရာများ မှာကြားပြီး **(အပေါ်ပုံ)** မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ သရက်ခရိုင်နှင့် မြို့နယ် ၁၈ မြို့နယ်တို့မှ ဥပဒေအရာရှိ ၃၆ ဦးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မိုးသက်လေပြင်းတိုက်ခတ်၍ သစ်ပင်များ ကျိုးကျလဲပြို

ဇီးကုန်း မေ ၁၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် မေ ၂ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းတိုက်ခိုက်ခဲ့ရာ သစ်ကိုင်းများ ကျိုးကျခြင်း၊ သစ်ပင်များလဲပြိုခြင်း၊ တယ်လီဖုန်းကြိုးများပြတ်တောက်ခြင်း၊ နေအိမ် အမိုးများ လန်၍ပျက်စီးခြင်း၊ အမှတ်(၄)ရပ်ကွက် ဘုရားလမ်းရှိ ကုက္ကိုပင်ကြီးပဲ့ကျ၍ အိမ်တစ်လုံးပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ပြီး လူများထိခိုက်မှုမရှိကြောင်းနှင့် ရှစ်ကွက်ကျေးရွာတွင် နေအိမ်ရှစ်လုံးပြိုခဲ့ကြောင်း သိရသည်။

(၂၈၉)

မြန်မာနှင့်ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (အက်ဖ်ဒီပီ)မှ လွှတ်တော်အမတ် မစ္စတာမိုက်ကယ်ဂလော့စ်နှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဒေါက်တာဟန်းစ်စီဟတ်မယ်ယာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (အက်ဖ်ဒီပီ)မှ လွှတ်တော်အမတ် မစ္စတာမိုက်ကယ်ဂလော့စ်နှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဒေါက်တာဟန်းစ်စီဟတ်မယ်ယာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေအား အမေရိကန်သံရုံး ယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၆

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger သည် မေ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M.Dinger လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဂျပန်ဒုက္ခသည်များအတွက် ရုပ်ရှင်ပွဲတော်တွင် ရန်ပုံငွေရှာဖွေနေသည့် နာအိုမီကမ့်ဘဲလ်

နာမည်ကျော် ကိုယ်ဟန်ပြမယ် နာအိုမီကမ့်ဘဲလ်သည် ငလျင်နှင့် ဆူနာမီဒဏ်သင့် ဂျပန်ဒုက္ခသည်များအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဂျပန်ကြက်ခြေနီအဖွဲ့၏ ရန်ပုံငွေအတွက် ကျင်းပလျက်ရှိသော ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်တွင် ဖက်ရှင်ပြပွဲတစ်ခု ကျင်းပကာ ရန်ပုံငွေရှာဖွေလျက်ရှိသည်။**(ယာပုံ)**

ငလျင်နှင့် ဆူနာမီဒဏ်သင့် ဂျပန်ဒုက္ခသည်များသည် အကူအညီများလိုအပ်နေဆဲဖြစ်ပြီး ဤဖက်ရှင်ပြပွဲနှင့် ကန်းရုပ်ရှင်ပွဲတော်သည် လိုက်ဖက်မှုရှိကြောင်းနှင့် ဤဖက်ရှင်ပြပွဲမှ ရရှိမည့် အကျိုးအမြတ်များကို ဂျပန်ကြက်ခြေနီအဖွဲ့သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း နာအိုမီက အေပီရုပ်သံသတင်းဌာနသို့ ပြောကြားသည်။

ဤဖက်ရှင်ပြပွဲသည် ရန်ပုံငွေအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဖက်ရှင်ပြပွဲမှ အဝတ်အစားနှင့် ဒီဇိုင်းများကို ကမ္ဘာတစ်ဝန်းသို့ ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဝတ်စုံဒီဇိုင်းများမှာ ကိုယ်ဟန်ပြမယ်များအတွက်သာမက သာမန်လူများ ဝတ်ဆင်နိုင်အောင် စီစဉ်ထားခြင်း ဖြစ်သကဲ့သို့ ဝယ်ယူသုံးစွဲသူများအနေဖြင့်

လည်း ရန်ပုံငွေအတွက် ထည့်ဝင်လှူဒါန်းခြင်းသာဖြစ်ကြောင်း နာအိုမီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

သဘာဝဘေးအန္တရာယ်များနှင့် စစ်ပွဲများကြောင့် အကူအညီ လိုအပ်လျက်ရှိသောဒုက္ခသည်များအတွက် ကူညီထောက်ပံ့ရန် ကြိုးပမ်းနေသော နာအိုမီကဲ့သို့သော ပုဂ္ဂိုလ်များကို မိမိဂုဏ်ယူထောက်ခံကြောင်း၊ ကြက်ခြေနီအဖွဲ့အနေဖြင့် ကမ္ဘာတစ်လွှားမှ ဒုက္ခသည်များကို ထောက်ပံ့ကူညီရန် ရန်ပုံငွေများ လိုအပ်နေဆဲဖြစ်ပြီး ဂျပန်ငလျင်နှင့် ဆူနာမီဒဏ်ခံ ဒုက္ခသည်များနှင့် ဟေတီငလျင် ဒုက္ခသည်များကို ဆက်လက်ထောက်ပံ့ရန် အကူအညီများ လိုအပ်လျက်ရှိကြောင်း ကြက်ခြေနီမှ တာဝန်ရှိသူ ဇက်ချ်အဘဒါဘမ်စ်က ပြောကြားသည်။

နာအိုမီကမ့်ဘဲလ်သည် ၂၀၀၅ ခုနှစ်ကတည်းက ဒုက္ခသည်များကို ကူညီထောက်ပံ့ရန် ရည်ရွယ်ကျင်းပခဲ့သော ဖက်ရှင်ပြပွဲများမှ ရန်ပုံငွေ ပေါင် ၄ ဒသမ ၅ သန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ ***အင်တာနက်။***

အေ ဝမ်း စိုး

မော်ဘီမြို့နယ် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်း ထူထောင်

မော်ဘီ မေ ၁၆

မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာတွင် ၂၀၁၁ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧက စိုက်ပျိုးပြီးစီးရာ စိုက်ပျိုးထိန်းသိမ်းထားရှိမှုတို့ကို ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

မော်ဘီမြို့နယ် တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးခြင်းလုပ်ငန်းမှ အိမ်ထောင်စု ၃၆၀၀ အတွက် ကျွန်းပင်ပေါင်း ၁၀၈၀၀ နှင့် တစ်အိမ်ထောင်လျှင် သစ်မာအပင် ၂၀ စိုက်ပျိုးခြင်းလုပ်ငန်းတွင် အိမ်ထောင်စု ၂၀၁၁ စုအတွက် ယူကလစ်ပင်ပေါင်း ၄၀၂၂၀ နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း ငါးဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသော မောင်ဆုရှင် မြန်မာပြန်ဆိုသည့် အိမ်တွင်းသမားတော်စာအုပ်မှ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

(ယမန်နေ့မှအဆက်)

စိတ်ကျခြင်း (DEPRESSION)

စိတ်ကျရောဂါမျိုးကို ခံစားနေရလျှင် အောက်ပါနည်းလမ်းများက သက်သာရာရကြောင်းကို ပေးနိုင်ပါမည်-

- *စိတ်ကျသော လက္ခဏာအနည်းငယ်ဝင်နေရုံဖြင့် မေ့မေ့လျော့လျော့ဖြစ်တတ်ခြင်းနှင့် ကပေါက်တိကပေါက်ချာ လုပ်ကိုင်မိတတ်ခြင်းတို့မှာ ကြုံရမြဲကိစ္စများဖြစ်သည်။ ကိုယ့်မှာ သော့ပျောက်ချင်ပျောက်နေမည်။ လက်ထဲကဖန်ခွက် ကျကွဲချင်ကွဲမည်။ ထိုအဖြစ်မျိုးကြုံလျှင် "ငါ့စိတ်တွေ မငြိမ်သေးလို့ဘဲ"ဟု အယောင်ယောင်အမှားမှားကိစ္စကို ရယ်မောပစ်လိုက်ပါ။*
- *စိတ်ဓာတ်ကျသောအချိန်မျိုး၌ စိတ်နှင့်ကိုယ် မဟပ်မိသော အဖြစ်မျိုးကို ခံစားရတတ်သည်။ ထိုစိတ်အနေ ပပျောက်စေရန်အတွက် တစ်ပတ်လျှင် တစ်ကြိမ်မျှ အနှိပ်အနယ်ခံပေးလျှင် စိတ်နှင့်ကိုယ် ချိတ်ဆက်မိလိမ့်မည်။*
- *ဘုရားရှိခိုးသည်ဖြစ်စေ၊ ဆုတောင်းပွဲတက်သည်ဖြစ်စေ၊ စိတ်ဓာတ် တက်ကြွရေး စာအုပ်များဖတ်ရှုသည်ဖြစ်စေ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ စိတ်ထားမျိုးခိုင်မာခြင်းသည် စိတ်ဓာတ်အတွက် ယုံကြည်စွဲမြဲမှုနှင့် မျှော်လင့်ချက်ရှိမှုကို ဖြစ်စေတတ်သည်။*
- *ကိုယ့်အနေဖြင့် ဘာအမှားလုပ်မိခဲ့သည်ဟု အတွေးပေါက်ချင်ပေါက်ပါစေ၊ ကိုယ့်ဘာသာ ခွင့်လွှတ်စိတ်ထားပါ။ မိမိကိုယ်ကိုဂရုတစိုက်ပြုပါ။ နောင်တရသောစိတ်ထားကို လက်မခံပါနှင့်။ လူတိုင်းမှာ စိတ်ထင်တိုင်းမပေါက်ဘဲ လွဲမှားတတ်သည်ချည်းဖြစ်သည်။ အပြစ်မြင်သော စိတ်ထားသည် ကိုယ့်ကိုယ်ကိုယ် ဒဏ်ပေးခြင်းဖြစ်၍ မိမိနှင့်မထိုက်တန်ဟု သဘောထားလိုက်ပါ။*
- *ရက်တိုခရီးဖြစ်စေ ထွက်ပြီး ရက်အားယူလိုက်ပါ။ ပင်လယ်ကမ်းနားတွင် သုံးရက်မျှနေပြီး အနားရလိုက်သည်ဖြစ်စေ ရုတ်တရက် အပြောင်းအလဲကြောင့် စိတ်လက်ပေါ့ပါးသွားနိုင်သည်။ အခြားတစ်နည်းမှာလည်း နေ့စဉ် အချိန်ပိုင်းနှင့် အနားယူတတ်ဖို့လည်း လေ့ကျင့်ပါ။ စိတ်ထဲ၌ ညို့လာသည်နှင့် တစ်မိနစ်၊ နှစ်မိနစ်မျှ ကိုယ်ဖြစ်ချင်သော အခြေအနေ၊ ရုပ်ပုံတို့ကို မြင်သာအောင် စိတ်ကူးကြည့်ပေးပါ။ ထိုအချိန်၌ အမြင်၊ အကြား၊ ခံစားမှု၊ ရနံ့စသည့် ထူးခြားမှုများကို ခံစားကြည့်ပါ။ စိတ်က တက်ကြွလန်းဆန်းလာပါလိမ့်မည်။*
- *ဘဝတွင် ကောင်းမွန်သင့်လျော်သည်ဟု ထင်သောအရာတို့ကို သတိရကြည့်ပါ။ ကိုယ့်မှာ ကျေးဇူးတင်စရာဖြစ်သော ကိစ္စငါးရပ်ကို နေ့စဉ်ချ၍ ရေးကြည့်ပါ။ ကိစ္စကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကိုယ့်အတွက် ကျေနပ်ပီတိဖြစ်ရသည့် ကိစ္စတို့ကို စိတ်ကူးထုတ်ကြည့်ပါ။ စိတ်က ညှိုးငယ်နေချိန်တွင် ဘဝ၏ ကောင်းကွက်များကို မေ့လျော့နေမိတတ်သည်ကို သတိပြုဖို့ဖြစ်သည်။*
- *ကိုယ်တိုင် စိတ်ချမ်းသာရန်ကိစ္စမှာ တစ်ပါးသူ စိတ်ချမ်းသာအောင် ပြုလုပ်ပေးသောနည်း ဖြစ်သည်။ ထို့ကြောင့် ချီးမွမ်းစရာတွေ့က ချီးမွမ်းလိုက်ပါ။ ရင်းနှီးဖွယ်ကိစ္စပေါ်က ရင်းနှီးအောင် ဆက်ဆံပေးပါ။ မသိကျွမ်းဖူးသူကို ပြုံး၍ပြလိုက်ပါ။ "ဒီလိုလုပ်လိုက်မိလျှင် ကိုယ့်မှာ စိတ်ချမ်းသာသွားလိမ့်မည်။ တစ်ဖက်လူမှာလည်း ကြည်နူးဝမ်းသာဖြစ်ရမည်မလွဲပါ"။*
- *ရှေ့တစ်ပတ်တွင် ကိုယ်စိတ်ပါဝင်စားစွာ မျှော်လင့်ထားသည့် ကိစ္စတစ်ခုခု ရှိနေဖို့ လေ့ကျင့်ပါ။ တစ်ရက်တာခရီးသွားဖို့ဖြစ်စေ၊ ပစ္စည်းရှာရန်ဈေးဝယ်ထွက်ဖို့ဖြစ်စေ၊ စိတ်ကြိုက်စားသောက်ဆိုင်တွင် စားကြဖို့ဖြစ်စေ မျှော်မှန်းထားသည့် လိုလားဖွယ်ရာ ကိစ္စတစ်ခုခုရှိပါစေ။ စိတ်ကညို့သွားလျှင် ထိုစောင့်မျှော်ထားသည့်အချက်ကို သတိရဖို့ဖြစ်သည်။*
- *အစားအသောက်တွင် ကျန်းမာရေးနှင့် ညီညွတ်စေမည့် မျှတသောအစာကို စားသင့်သည်။ ထိုအစာတွင် အဓိကသုံးမျိုးမှာ ဟင်းသီးဟင်းရွက်နှင့် ဂျုံကြမ်း၊ ဆန်များပါသော ကာဗိုဟိုက်ဒရိတ်အုပ်စု၊ အဆီမပါသော အသားပါဝင်သည့် ပရိုတိန်းအုပ်စုနှင့် အဆီဓာတ်အနည်းငယ်ပါသော အဆီအုပ်စုတို့ဖြစ်သည်။ ထိုအစာများသည် ခန္ဓာကိုယ်က စိတ်အနေမှန်ကန်စေရန် ဓာတုပစ္စည်းများ ရရှိနိုင်သော အစာများဖြစ်သည်။ ထိုသုံးမျိုးထဲမှ များများစားစားဖြစ်စေ၊ နည်းနည်းပါးပါးဖြစ်စေ စိတ်ကြိုက်ရွေး၍ မစားသင့်။ မျှတစွာ စားသုံးမှုသည် အခရာဖြစ်၏။*
- *ကိုယ်ခန္ဓာတွင် ဗီတာမင်ဘီဓာတ် ချို့တဲ့ပါက ပင်ပန်းလွယ်ခြင်း၊ အာရုံမစိုက်နိုင်ခြင်းနှင့် စိတ်တိုတောင်းခြင်းဟူသော စိတ်ကျလက္ခဏာတို့ကို ခံစားရတတ်သည်။ ထို့ကြောင့် သတ္တုဓာတ်ပါသော ဗီတာမင်မျိုးစုံကို အာဟာရဖြည့်တင်းမှုအနေဖြင့် စားပေးဖို့ ဖြစ်သည်။ ထိုအုပ်စုတွင် ဘီအုပ်စုကပါစေ။ ဖိုလစ်အက်စစ်၊ ဘီ-၆၊ ဘီ-၁၂ စသည်တို့ပါဝင်စေရမည်။ ဖိုလစ်အက်စစ်မှာ စိတ်ကျမှုကာကွယ်ဆေးများ၏ အာနိသင်ကို ပိုမိုအောင် တိုးမြှင့်ပေးနိုင်သည်။ ဗီတာမင်မျိုးစုံအုပ်စုတွင် ဖိုလစ်အက်စစ် မိုက်ခရိုဂရမ် ၄၀၀ မျှ ပါဝင်သင့်သည်။*
- *အပင်၊ အသီးအရွက်တို့မှ ရရှိသော ပရဆေးအမယ်များအတွက် စိတ်ကျမှုကို ကာကွယ်သောဆေးများလည်း လေ့လာတွေ့ရှိရသည်။ ယင်းမှာ ဟိုက်ပါရီကမ် (Hypericum) သုည ဒသမ ၁၂၅ ရာခိုင်နှုန်းပါဝင်သော အဆီအနှစ် (Extract) ကို မီလီဂရမ် ၃၀၀ မျှ အစာနှင့်အတူ နေ့စဉ် စားသုံးရန်ဖြစ်သည်။*
- *အစားအစာနှင့် ဖြည့်စွက်စားသုံးရန် ခေတ်ပေါ်ဆေးတစ်မျိုး ရှိသည်။ ထိုဆေးကို အတိုကောက်အားဖြင့် SAM-e ဟု အမည်ပေးထားသည်။ အရှည်မှာ S-Adenosy Lmethiomine ဟူ၍ဖြစ်၏။ ခေါ်ဝေါ်ပုံ အသံထွက်မှာ ဆမ်မီ (Sammy) ဟု တွင်သည်။ ထိုဆေး၌ ဟော်မုန်းဓာတ်အချို့နှင့် အာရုံကြောကို အားပေးသော ဓာတုပစ္စည်းများပါဝင်သည်။ စိတ်အနေကို ကောင်းမွန်အောင်ပြုပြင်ပေးသော ဆီရိုတိုနင် (Serotonin)၊ မယ်လာတိုနင် (Melatonin)၊ ဒိုပါမင် (Dopamine)နှင့် အက်ဒရီနိုလင် (Adrenolin)ဓာတ်များဖြစ်သည်။*
- *အရက်သည် ဗဟိုနာ့ဗ်ကြောစနစ်ကို ဖိနှိပ်ပေးသော ပစ္စည်းဖြစ်၏။ အရက်ကို သောက်လိုက်ပြီးသောအခါ ပထမတွင် နေသာထိုင်သာ ပေါ့ပါးသွားသလိုရှိသော်လည်း နောက်ပိုင်း၌ ပို၍ စိတ်ကျရောဂါလက္ခဏာကို ခံစားရမည်ဖြစ်သည်။ စိတ်ကျသက်သာအောင် အရက်သောက်လိုက်၊ နောက်ပိုင်း၌ စိတ်ကျရောဂါဖြစ်လိုက်နှင့် ပို၍ဆိုးရွားလာကာ ပို၍သောက်မိသော အဆိုးသံသရာ လည်သွားနိုင်သည်။*
- *မိမိ၏ ဥပဓိရုပ်ကို တင့်တယ်ဖွယ်ဖြစ်အောင် အချိန်ယူ၍ ပြုလုပ်ပါ။ လူမြင်သူမြင် တင့်တယ်စေရန် စိတ်ကြိုက်အဝတ်အစားမျိုးကို ဝတ်ဆင်သော အလေ့အထမွေးပါ။*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အား International Rescue Committee (IRC)မှ Country Director Ms. Catherine Elisabeth Breen Kamkong လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆွေးနွေး

နေပြည်တော် မေ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား International Rescue Committee (IRC)မှ Country Director Ms.Catherine Elisabeth Breen Kamkong သည် မေ ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေခ၊ မလိခနှင့် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် မေ ၁၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President Mdm.Zhang Xiaolu နှင့် အဖွဲ့သည် မေ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။(အောက်ပုံ)

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မေခ၊ မလိခနှင့် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်း ပြီးစီးပါက ဒေသတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်ယာဉ်လိုင်း ကားဂိတ်များ၌ တန်ဖိုးငယ်ငွေစက္ကူများ လဲလှယ်ပေးနေ

ရန်ကုန် မေ ၁၆

မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင် စီမံမှုအောက်တွင် ဌာနခွဲပေါင်းခုနစ်ခုရှိပြီး ယာဉ်လိုင်းပေါင်း ၆၀ တွင် ယာဉ်စီးရေ ၁၂၆၀ ရှိကာ နေ့စဉ်ပျမ်းမျှ စီးရေ ၉၅၀ ခန့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ခရီးသည်များနှင့် ပြေပြစ်စွာဆက်ဆံရန်၊ ယာဉ်စီးခပိုမတောင်းရန်၊ ပိုသောယာဉ်စီးခ အကြွေပြန်အမ်းပေးရန် သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက နေ့စဉ်စစ်ဆေးလျက်ရှိသည်။

ယာဉ်စီးခများ ပြန်အမ်းရာတွင် အခက်အခဲမရှိစေရန် ငွေကျပ် ၅၀ တန်၊ ငွေကျပ် ၁၀၀ တန်၊ ငွေကျပ် ၂၀၀ တန် တန်ဖိုးငယ် ငွေစက္ကူအသစ်များကို ကားဂိတ်မှတ်တိုင်များ၌ တိုက်ရိုက်ထိတွေ့ လဲလှယ်ပေးခြင်း၊ ဝန်ထမ်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်လုပ်သားများနှင့် ခရီးသည်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အနောက်ပိုင်းခရိုင်ယာဉ်လိုင်းအနေဖြင့် ဗဟိုဘဏ်မှ အပတ်စဉ် တန်ဖိုးငယ် ငွေစက္ကူကျပ် ၇၇ သိန်း ရရှိပြီး အောက်ခြေအထိ ကွင်းဆင်းကာ ယာဉ်နောက်လိုက်များနှင့် ခရီးသည်များထံသို့ တိုက်ရိုက်လဲလှယ်ပေးလျက်ရှိကြောင်း၊ အလားတူ အခြားယာဉ်လိုင်းများကိုလည်း ငွေစက္ကူများ လဲလှယ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင် စီမံမှုဖြင့် ခရီးသည်များထံမှ ယာဉ်စီးခပိုမတောင်းရန်၊ ပိုသောယာဉ်စီးခအကြွေ ပြန်အမ်းပေးရန် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တာမွေမြို့နယ် ပျားရည်ကုန်းလမ်းနေ ဒေါ်စိန်စိန်သန့်မိသားစုက ကွယ်လွန်သူ ဦးအောင်သန်းအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

သက်တမ်းလွန်ဆေးဝါးများ မရောင်းချရန်နှင့် အသုံးမပြုကြရန် အသိပေးနှိုးဆော်

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့၌ ပြည်သူအများသုံးစွဲရန်မသင့်သည့် သက်တမ်းလွန်ဆေးဝါးများနှင့် ပစ္စည်းများအား လျှော့ဈေးဖြင့် ရောင်းချခြင်း၊ ငွေအကြွေအစား အဆိုပါ ပစ္စည်းများအစားထိုးပေးခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သက်တမ်းလွန်ဆေးဝါးများနှင့် ပစ္စည်းများသည် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေသဖြင့် အဆိုပါ ပစ္စည်းများအား ရောင်းချခြင်း၊ ငွေအကြွေအဖြစ် အစားထိုးပေးခြင်းများ မပြုလုပ်ကြရန်နှင့် ပြည်သူများအနေဖြင့်လည်း သက်တမ်းလွန်ဆေးဝါးများနှင့် ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၆

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ်နှင့် အကြိမ်(၂၀)မြောက် သစ်လွင်သူနာပြု(ဒီပလိုမာ)ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်နှင့် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ သဝဏ်လွှာကို ရှမ်းပြည်နယ် လားရှိုးသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်နန်းခမ်းမှတ်က ဖတ်ကြားပြီး တာဝန်ရှိသူများက သစ်လွင်သူနာပြုများအား ထူးချွန်အဆင့်အလိုက် သူနာပြု(ဒီပလိုမာ) ဦးဆောင်းအပ်နှင်းပေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ မန္တလေးမြို့၌ တိုက်ကျွေး

နေပြည်တော် မေ ၁၆

၂၀၁၁ ခုနှစ် ပထမအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ကို မေ ၁၄ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းဝန်းကျင်ရပ်ကွက် အောင်ချမ်းသာဓမ္မာရုံ ဆေးတိုက်စုရပ်၌ ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက်(၅)နှစ်အောက် ကလေးငယ် ၂၀၀ ကျော်တို့အား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အလားတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဓမ္မာရုံ၊ အခြေခံပညာကျောင်းစသည့် ကာကွယ်ဆေးတိုက်စုရပ် အသီးသီးတို့၌လည်း ဆေးတိုက်အဖွဲ့များက အသက် (၅) နှစ်အောက် ကလေးငယ်များကို ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခြင်း ဆောင်ရွက်ကြပြီး တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးတိုက် စုရပ်တို့တွင်လည်း ဆေးတိုက်အဖွဲ့တို့မှ အသက် (၅) နှစ်အောက် ကလေးငယ်ပေါင်း ၆၈၀၀၀ ကျော် တို့အား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မော်လမြိုင်ကျွန်း မြို့အဝင်လမ်းမကြီးနှင့် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)ရှေ့ရှိ ပေါင်းမြက်များ ရှင်းလင်းစဉ်။ (မြို့နယ်စည်ပင်)



ပြည်သူ့ထံမှ ပေးစာများ

မိလ္လာကျင်းပျက်စီး ပတ်ဝန်းကျင်ညစ်ညမ်း

စာတည်းရှင့်-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာ(၃)လမ်း ဘောလုံးကွင်းအနီးရှိ အိမ်တစ်အိမ်၏ မိလ္လာကျင်းမှာ ပေါက်ပြဲပျက်စီးနေသည့်အတွက် အညစ်အကြေးရည်များ အမြဲစီးကျနေပါသည်။ ပတ်ဝန်းကျင်နေသူများ အနံ့အသက်ဆိုးများ အမြဲရှူရှိုက်နေရသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ မိလ္လာအမြန်စုပ်ပေးပြီး ပျက်စီးနေသော မိလ္လာကျင်းအား အသစ်ပြန်လည် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

လမ်းပေါ်မှချိုင့်ခွက် ပြုပြင်စေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ် မော်လမြိုင်မြို့ သိပ္ပံလမ်းပေါ်ရှိ ချိုင့်ခွက်ကြီးမှာ ယာဉ်မျိုးစုံ ရှောင်တိမ်းမောင်းနှင်နေရသဖြင့် အန္တရာယ်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ချိုင့်ခွက်ကြီးကို အမြန်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ရွှေမြိုင်သား**

ပတ်ဝန်းကျင် သန့်ရှင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅/၆)ရပ်ကွက် ခိုင်ရွှေဝါပန်းခြံလမ်းမှ အိမ်နှစ်အိမ်တွင် ဝက်များ စီးပွားဖြစ် မွေးမြူထားရာ ဝက်ချေးနှင့် အညစ်အကြေးများအား ရေဆေးခြင်းကြောင့် အဆိုပါရေများ ဘေးအိမ်များအတွင်းသို့ ဝင်ရောက်လာပါသည်။ နောက်ဖေးလမ်းကြားရေမစီးခြင်းနှင့် အိမ်ရှေ့ရေမြောင်းများ ပိတ်ဆို့နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခိုင်ရွှေဝါပန်းခြံသား**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့ (၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန်　　မေ　　၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲနှင့် နှမ်းစိုက်တောင်သူများ၏ နည်းပညာနှင့် ရင်းနှီးငွေလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အထူးပြုကုမ္ပဏီများနှင့် ချိတ်ဆက်ကူညီပေးမည်

နေပြည်တော်　　မေ　　၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ပဲနှမ်းကုန်သည် လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပဲနှင့် နှမ်းစိုက်တောင်သူများ၏ နည်းပညာများလိုအပ်ချက်၊ ရင်းနှီးငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အထူးပြုကုမ္ပဏီများနှင့် ချိတ်ဆက်ကူညီပေးမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပြည်တွင်းဖူလုံမှုရရှိစေရေး တိုးချဲ့စိုက်ပျိုးရန်နှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် မကွေးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်နိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌတို့က မိမိတို့၏လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာ၌ ကျင်းပသည့် ရွှေထနောင်း ပဲမျိုးစုံအထူးပြုကုမ္ပဏီက ပဲနှမ်းစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်၍ စိုက်ပျိုးစရိတ်ထုတ်ပေးနေမှုကိုကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် အောင်လံမြို့မှ ကုန်သည် လုပ်ငန်းရှင်များနှင့် ကုန်စည်ဒိုင် တာဝန်ရှိသူများအား တွေ့ဆုံ၍ အောင်လံမြို့နယ် အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဂျပန်ဈေးကွက်အကြိုက် သိပ္ပံနှမ်းနက်မျိုးကို ယခုထက် ပိုမိုကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့သွားရန် ၊စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးရန်၊ လိုအပ်သည့်မျိုး၊ သွင်းအားစု၊ ငွေကြေးများကို အတိုးနှုန်း သက်သာစွာချေးငှားပေးရန်နှင့် ကျေးလက်ဒေသများသို့အရောက် ကွင်းဆင်းပံ့ပိုးကူညီဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ Diamond Dragon Co., Ltd. ၏ စားအုန်းဆီ သိုလှောင်ကန်၌ ပြည်ပမှ မှာယူတင်သွင်းရောက်ရှိနေသော စားအုန်းဆီများကို သင်္ဘောပေါ်မှ ဆီသိုလှောင်ကန်များသို့ တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဟန်၊ Diamond Dragon Co., Ltd. မှ ဦးမျိုးအောင်နှင့် ဆီတင်သွင်းသူလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဆီလုပ်ငန်းရှင်များအနေဖြင့် တင်သွင်းသောဆီများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးရန်သင့်တော်သော စားသုံးဆီများကိုသာ တင်သွင်းရန်၊ အချိန်နှင့်တစ်ပြေးညီ ဈေးကွက်အရောက် ဖြန့်ဖြူးရန်နှင့် ပြည်ပမှ တင်သွင်းနေရမှုများကို တစ်စတစ်စလျှော့ချနိုင်ရန်အတွက် ပြည်တွင်းထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

FIH Youth Challenge အစီအစဉ်ကျင်းပ

ရန်ကုန်　　မေ　　၁၆

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ FIH Youth Challenge အစီအစဉ်ကို "Age Fit" အမည်ဖြင့် မေ ၁၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် သိမ်ဖြူမြက်ခင်းတု

ဟော်ကီကွင်း၌ ကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ အသက် သုံးနှစ်မှ ၁၆ နှစ်ရှိ ကျောင်းသားလူငယ် ၃၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းလူငယ်များအနက်မှ အလားအလာရှိသော လူငယ်များအား ဟော်ကီတုတ်တံ တစ်ချောင်းစီကို မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် အမှုဆောင်များက ပေးအပ်ကြသည်။ **(ဝဲပုံ)**

ယင်း "Age Fit" အစီအစဉ်အား မေ ၁၄ ရက်နှင့် ၁၅ ရက်များတွင် နိုင်ငံအသီးသီး၌ ကျင်းပသွားရန် အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ် FIH မှ ချမှတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ (၁၉)

Dumex ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန်　　မေ　　၁၆

Mo Asia Co.,Ltd-Dumex မှ အမေများနေ့ဂုဏ်ပြုပွဲကို မေ ၈ ရက်က Capital Hypermart ၌ ကျင်းပရာ အခမ်းအနားတွင် Dumex World Member မိခင်များ၊ Dumex Mama Club မှ မိခင်များနှင့် ဈေးဝယ်လာသူ မိခင်များ အားလုံးအတွက် ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အကယ်ဒမီလူမင်းနှင့် မိသားစု၊ အဆိုတော် Rဇာနည်နှင့် မိသားစုတို့မှ တက်ရောက်အားပေးကြပြီး**(အပေါ်ယာပုံ)**

မိခင်နှင့် သားသမီးများပူးတွဲ၍ ပျော်ရွှင်ဖွယ်ကစားပွဲများ၊ သားငယ်၊ သမီးငယ်တို့၏ မိခင်မေတ္တာ ဖော်ကျူးသည့်ပြိုင်ပွဲတို့အပြင် လူရွှင်တော်စံလင်းနှင့် အဖွဲ့၏ ဟဒယ ရွှင်ဆေးတိုက်ကျွေးမှုဖြင့် ကျင်းပခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်ကို သတိလက်လွတ်မောင်းနှင်မိ၍ အသက်ဆုံးရှုံး

ဖြူး　　မေ　　၁၆

မော်တော်ဆိုင်ကယ်ကို သတိလက်လွတ်မောင်းနှင်မိ၍ တန်ဖိုးရှိသည့် လူ့အသက်တစ်ချောင်း ဆုံးရှုံးမှုတစ်ခု ဖြူးမြို့၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် ညနေ ၅ နာရီခန့်တွင် ဖြူးမြို့နေ ဦးတင့်မောင်ဆွေ (၅၃)နှစ် သည် ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း အနက်ရောင် 110 ဆိုင်ကယ်ဖြင့် ဖြူးရဲစခန်း တောင်ဘက် ၂ မိုင်ခန့်အကွာ သပြေလှ ရွာမှ ဖြူးမြို့ဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင် (၁၃၉/၆)နှင့် (၁၃၉/၇) ကြား အရောက် လမ်းဖြတ်ကူးသည့် နွားအား တိမ်းရှောင်ရာမှ လမ်းဘေးသို့ ကျရောက်တိမ်းမှောက်သွားသဖြင့် ဦးတင့်မောင်ဆွေမှာ ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူ ဦးတင့်မောင်ဆွေ အား ဖြူးရဲစခန်းမှ အမှုစစ်တာဝန်မှူး ဒု-ရဲအုပ်ဇော်ဝင်းက ဆေးစာဖြင့် ဖြူးဆေးရုံသို့ ချက်ချင်းတင်ပို့ခဲ့ပြီး ဒဏ်ရာပြင်းထန်သဖြင့် ဖြူးဆေးရုံမှ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ဆက်လက်တင်ပို့ရာ လူနာမှာ ထိုည ၈ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။ အမှုကိုဖြူးရဲစခန်းမှ စစ်ဆေးလျက်ရှိသည်။ (၁၄၀)

ရန်ကုန်မြို့တွင်း နေရာအချို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန်　　မေ　　၁၆

ရန်ကုန်မြို့တွင်း နေရာအချို့၌ မီးလောင်မှုများ ဖြစ်ပွားခဲ့ရာ ယနေ့ နံနက် ၆ နာရီ ၁၈ မိနစ်တွင် သင်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် လေးထောင့်ကန်လမ်းရှိ ခြောက်ထပ်တိုက် အပေါ်ဆုံးထပ်၌ ဧည့်ခန်းအပြင်ဘက်ရှိ မိန်းဆွိစ် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ ဆိုဖာဆက်တီ အချို့ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မေ ၁၅ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က လည်း ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် (၃၃) လမ်း အထက်ဘလောက်ရှိ ဟိုတယ်တစ်လုံး၏ လေးထပ်တိုက် လေးလွှာအခန်းတစ်ခန်း၌ အဲယားကွန်း ချွတ်ယွင်းမှုကြောင့် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရာ အဲယားကွန်း တစ်လုံးနှင့် မတ်တတ်ပန်ကာတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဆိုသည်မှာ လူသားတိုင်းအတွက် မရှိမဖြစ် အလိုအပ်ဆုံးအရာဖြစ်သည့်အတွက် လျှပ်စစ်သုံးစွဲသူ ပြည်သူများအနေဖြင့် ဥတုသုံးလီဂရုတစိုက်၊ စနစ်တကျ၊ ရိုသေစွာ ကိုင်တွယ်သုံးစွဲကြမည်ဆိုပါက မီးဘေးအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပြီး လူမှုဘဝများလည်း တိုးတက် ဖွံ့ဖြိုးစေမည်ဖြစ်ကြောင်း သတင်းပေး တင်ပြလိုက်ရပါသည်။

ကိုကြီးသာ

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော်　　မေ　　၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုင်းတုံမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မေ ၁၄ ရက်က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်စိန် (ထောင်ပိုင်-ငြိမ်း)၏ အသက် (၇၉)နှစ်ပြည့်မွေးနေ့တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းကြစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဧပြီလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှု ၂၉၉ မှု၊ တရားခံ ၄၅၉ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော်　　မေ　　၁၆

ဧပြီလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၉၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၉ မှု (အလေးချိန် ၁၅ ဒသမ ၈၉၆၂ ကီလို)၊ ဘိန်းဖြူ ၉၂ မှု (အလေးချိန် ၀ ဒသမ ၉၆၈၆ ကီလို)၊ ဘိန်းဆီ ၉ မှု (အလေးချိန် ၃ ဒသမ ၇၃၁၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ၄၄ မှု (အလေးချိန် ၈၂ ဒသမ ၃၉၁၇ ကီလို)၊ ဆေးခြောက် ၂၁ မှု (အလေးချိန် ၃၃ ဒသမ ၆၆၉၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ မှု (၆၅၇၆၀၇ ပြား)၊ ဘိန်းစာမှုန့် ၁၁ မှု (အလေးချိန် ၉ ဒသမ ၁၃၇၉ ကီလို)၊ ဘိန်းရည် ၁ မှု (အလေးချိန် ၀ ဒသမ ၄၈၈ လစ်တာ)၊ အိုက်(စ်) (အလေးချိန် ၄ ဒသမ ၂၅ ကီလို)၊ ဘိန်းညို ၁ မှု (၁ကီလို)၊ ဆူဒိုအက်ဖီဒရင်း ၁ မှု (အလေးချိန် ၃ ဒသမ ၈၆၂ ကီလို)၊ အခြားအမှု ၂ မှု၊ မှတ်ပုံတင်ပျက်ကွက် ၁ မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၂၉၉ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၃၇၉ ဦး၊ မ ၈၀ စုစုပေါင်း တရားခံ ၄၅၉ ဦးတို့အား ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၆

၂၀၁၁ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ ဗထူးဘောလုံးကွင်း၌ ကျင်းပရာ မြစ်သားမြို့နယ်အသင်းက အမရပူရမြို့နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုရရှိသော အမရပူရမြို့နယ်အသင်းမှ အားကစားသမားများအား ငွေတံဆိပ်ဆုများကို လည်းကောင်း၊ ပထမဆုရရှိသော မြစ်သားမြို့နယ်အသင်းမှ အားကစားသမားများအား ရွှေတံဆိပ်ဆုများကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆုရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ဆုငွေကျပ်သုံးသောင်းစီကို လည်းကောင်း ပြည်နယ်ဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာ ဝန်ကြီးဌာန ဝန်ကြီးတို့က တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ဒုတိယဆုရရှိသော အမရပူရမြို့နယ် အသင်းအား ဆုငွေကျပ်သုံးသိန်းနှင့်ပထမဆုရရှိသော မြစ်သားမြို့နယ်အသင်းအား ဆုငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ပထမရရှိသွားသော မြစ်သားမြို့နယ်အသင်းအား ပထမတံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ၂၀၁၁ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပထမရရှိသွားသော မြစ်သားမြို့နယ်အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရွှေဘိုသီးလုံးဆရာတော်ကြီး၏ ကျမ်းစာအုပ်ထွက်ရှိ

ရန်ကုန် မေ ၁၆

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ကာလ မင်းတုန်းမင်းကြီး၏ ကိုးကွယ်ခြင်းကို ခံရသော ရွှေဘိုနယ် သီးလုံးဆရာတော်ကြီးသည် အကျင့်သီလနှင့် ပြည့်စုံရုံမျှမက ပရိယတ်ကျမ်းဂန်စာပေဘက်၌လည်း ကျနသေချာတတ်သိတော်မူလှသည့်အပြင် ပဋိပတ်အရာဝိပဿနာဓူရဘက်၌လည်း ထင်ရှားသော ဆရာတော်ကြီးဖြစ်သည်။ အထူးအားဖြင့် ဝိပဿနာသတိပဋ္ဌာန်ဘာဝနာဆိုင်ရာ သီးလုံးဆရာတော်ကြီး၏ အနွယ်အဆက်တို့တွင် မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး၊ တောင်ပုလုတောရ ဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီးတို့မှာ အထင်အရှားဖြစ်တော်မူကြသည်။ ဤသို့ ပရိယတ်၊ ပဋိပတ်နှစ်ဌာနတို့၌ ကျွမ်းကျင်နှံ့စပ်သော သီးလုံးဆရာတော်ကြီး၏လက်ရာ ဤဂမ္ဘီရတ္ထဒေသနာကျမ်းစာသည် ပရိယတ်လိုက်စားသော ပုဂ္ဂိုလ်တို့အဖို့ အဖိုးထိုက်အဖိုးတန် စာပေရတနာတစ်ရပ်ဖြစ်သကဲ့သို့ ပဋိပတ်ဆိုင်ရာ ယောဂီပုဂ္ဂိုလ်တို့အဖို့မှာလည်း ကမ္မဋ္ဌာနာစရိယဆရာတစ်ဆူသဖွယ် နည်းကောင်းလမ်းမှန်ကို ပြသပေးနိုင်သော ကျမ်းစာတစ်ဆူဖြစ်သည်။

ဤကျမ်းကို ၁၉၀၄ ခုနှစ်တွင် ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်က ပထမအကြိမ် လေးပိုင်းခွဲ၍ တစ်ပိုင်းစီရိုက်နှိပ်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ ပဒေသာပုံနှိပ်တိုက်က လေးပိုင်းစလုံးစုပေါင်း၍ ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သီးလုံးဆရာတော်ကြီး ဘဝနတ်ထံစံလွန်တော်မူသော နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဗုဒ္ဓစာပေအဖွဲ့က တာဝန်ယူ၍ မူလရိုက်နှိပ်ခဲ့ပြီးသော မူနှစ်ရပ်ကို အခြေပြုတည်းဖြတ်ကာ ဆဋ္ဌမူပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာတို့နှင့် နှိုင်းညှိတိုက်ဆိုင် ပြင်ဆင်၊ အညွှန်းစာမျက်နှာတို့ကိုပါ ထည့်သွင်းလျက် ဖတ်ရှုရသောသူတော်စင်တို့ အသိရှင်းပြီး ထင်လွယ်မြင်လွယ်ကြစေခြင်း အကျိုးငှာ ပါဠိနေပုဒ်ထားမှုအစ ခွဲခြမ်းထားသို စနစ်တကျစီစဉ်ပြုလုပ်ရိုက်နှိပ်ထားသည်။

ကျေးဇူးရှင် သီးလုံးဆရာတော်ကြီး၏ ဂမ္ဘီရတ္ထဒေသနာ ဤကျမ်းစာကို ရန်ကုန်မြို့ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၆၆၀၈၄၃ နှင့် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင် ဖုန်း ၀၁-၃၈၇၈၄၉၊ ၀၁-၃၈၃၅၁၁၊ လိုင်းခွဲ-၁၆၄/၁၈၅ တို့တွင် ဝယ်ယူပူဇော်ရရှိနိုင်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် ခြေစမ်းပွဲများကစားရန် ရတနာပုံ F.C ဘောလုံးအကယ်ဒမီအသင်းထွက်ခွာ

ရန်ကုန် မေ ၁၆

ထိုင်းပရီမီယာလိဂ်ကလပ် မြောင်တောင်အသင်း၊ ဗန်ကောက်ဂလက်စ်အသင်းတို့၏ ဘောလုံးအကယ်ဒမီများတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ရန် ရတနာပုံ F.C ဘောလုံးအကယ်ဒမီမှ လူငယ်ဘောလုံးသမားများသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရတနာပုံ F.C အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

ရတနာပုံ F.C ဘောလုံးအကယ်ဒမီအသင်းတွင် နည်းပြချုပ်အဖြစ် မစ္စတာလီယိုနာဒို(ဘရာဇီး) ဦးဆောင်၍ နည်းပြများအဖြစ် ဦးမြင့်ကို၊ ဦးတင်ဝင်း၊ ဦးဖြိုးဝင်းမော်နှင့် ကစားသမား ၂၉ ဦးတို့ လိုက်ပါသွားကြသည်။ ရတနာပုံ F.C ဘောလုံးအကယ်ဒမီအသင်းသည် မေ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် နေထိုင်ကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အာဆင်နယ် ဘောလုံးအကယ်ဒမီအသင်း၊ ထိုင်းပရီမီယာလိဂ်နာမည်ကြီးအသင်းများဖြစ်သည့် မြောင်တောင်အသင်း၊ ဗန်ကောက်ဂလက်စ်အသင်းတို့ အပါအဝင် အသင်းလေးသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပူးတွဲလေ့ကျင့်မှုများပါ ပြုလုပ်သွားမည်ဟု သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (President Cup Tennis Tournament) တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ**(အောက်ပုံ)** မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ Mixed Doubles ပြိုင်ပွဲ၊ အမျိုးသမီးအသက် (၁၀)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားအသက် (၁၂)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး အသက်(၁၂)နှစ်နှင့်အောက် တစ်ဦး ချင်းပြိုင်ပွဲ၊ အမျိုးသား အသက်(၁၄)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး အသက် (၁၄)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အသက် (၁၆)နှစ်နှင့်အောက် တစ်ဦး ချင်းပြိုင်ပွဲနှင့် အမျိုးသား အသက်(၁၈)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော သက်တမ်းအလိုက် မျိုးဆက်သစ်လူငယ်တင်းနစ်ပြိုင်ပွဲတွင် လက်စွမ်းပြနိုင်ပြီး အလားအလာရှိသော တင်းနစ်အားကစား မောင်မယ်များအား ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမရွေးချယ်ပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ (ကြေးမုံ)

ပွဲစဉ် (၃၇)အပြီးတွင် ဝက်စ်ဟမ်းအသင်း တန်းဆင်း နည်းပြဂရန့်လည်း ထုတ်ပယ်ခြင်းခံရ

လန်ဒန် မေ ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၃၇)အပြီးတွင် ဝက်စ်ဟမ်းအသင်းသည် ရမှတ် ၃၃ မှတ်သာရရှိခဲ့ခြင်းကြောင့် တန်းဆင်းသွားရပြီဖြစ်သည်။ ထိုသို့ ဝက်စ်ဟမ်းအသင်း တန်းဆင်းသွားရခြင်းနှင့်အတူ နည်းပြဂရန့်မှာလည်း ရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်သည်။ **(ယာပုံ)**

ဝက်စ်ဟမ်းအသင်းသည် ပွဲစဉ်(၃၇)အဖြစ် ဝီဂန်နှင့် အဝေးကွင်းသွားရောက်ကစားခဲ့ရသည့်ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပထမဦးဆုံးတန်းဆင်းခဲ့ရခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် နည်းပြဂရန့်ကို ထုတ်ပယ်လိုက်ပြီဖြစ်ခြင်းကြောင့် လာမည့် တနင်္ဂနွေနေ့တွင် အိမ်ကွင်း၌ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်အဖြစ် ဆန်းဒါးလန်းအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လက်ထောက်နည်းပြ ကီဗင်ကင်းနှင့် ပွဲထွက်ရတော့မည်ဖြစ်သည်။ ဝက်စ်ဟမ်းနည်းပြရာထူးနေရာအတွက် ကျူပီအာနည်းပြ နယ်လ်ဝါနော့ခ်နှင့် နယူးကာဆယ်နည်းပြဟောင်း ခရစ်ဟော့တွန်တို့ ရေပန်းစားလျက်ရှိနေသည်။

အင်တာနက်။



ဟန်သစ်

တီဗက်ဇ် မန်စီးတီးတွင်သာ ဆက်ကစားလို

မန်ချက်စတာ မေ ၁၆

မန်စီးတီးအသင်း၏ အသင်းခေါင်းဆောင် တီဗက်ဇ်က မိမိအနေဖြင့် အသင်းဟောင်း မန်ယူကို ထပ်မံ အနိုင်ယူလိုသည့် ဆန္ဒကြောင့် မန်စီးတီးတွင်သာ ဆက်ကစားလိုသည်ဟု ဆိုလာသည်။ တီဗက်ဇ်သည် အဆိုပါစကားကို စတုတ်စီးတီးကို အနိုင်ယူပြီး အက်ဖ်အေဖလား ရခဲ့ပြီးနောက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တီဗက်ဇ်သည် ပြီးခဲ့သည့် ဒီဇင်ဘာလက လက်ရှိကစားနေသည့် မန်စီးတီးအသင်းမှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုခဲ့ဖူးသူဖြစ်သည်။ မန်စီးတီးအသင်းသည် လာမည့်နှစ်ဘောလုံးရာသီအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ရှိနေပြီး တီဗက်ဇ်အနေဖြင့် အသင်းကို စွန့်ခွာသွားမည်ဆိုပါက ကြီးစွာသော နောင်တများရလိမ့်မည်ဟု နည်းပြမန်စီနီက ထုတ်ဖော်ပြောကြားလာသည်။ မန်စီးတီးအနေဖြင့် အက်ဖ်အေဖလားချန်ပီယံ ဖြစ်ခဲ့ခြင်းမှာ ဆီမီးဖိုင်နယ်တွင် အဓိကပြိုင်ဘက် မန်ယူကို အနိုင်ယူခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူအပေါ် အစာမကျေဖြစ်လျက်ရှိသည့် မန်ယူကစားသမားဟောင်း တီဗက်ဇ်သည်လည်း မန်ယူကို ဆက်လက်ပြီး အနိုင်ယူနိုင်ရေးအတွက် မန်စီးတီးအသင်းတွင်သာ ဆက်နေရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

အင်တာနက်။

❖ကျောဖုံးမှ

မကြာခဏလှုပ်လေ့ရှိသောဒေသဖြစ်သည်။ ကွိုင်နာဒေသ၌ ရှစ်ကီလိုမီတာအနက်ရှိ တွင်းတစ်တွင်းကို တူးဖော်ကာ မြေငလျင်၏ရွေ့ပြေး မြေအောက်တုန်ခါမှုများနှင့် မြေငလျင်ဆိုင်ရာ လက္ခဏာများကို စူးစမ်းလေ့လာမည်ဖြစ်သည်။

မြေငလျင်ဆိုင်ရာလှုပ်ရှားမှုများကို ကြိုတင်သိရှိနိုင်ရန် မြေအောက်သို့ တွင်းတူး၍ လေ့လာခြင်းမှာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ စတုတ္ထအကြိမ်ဖြစ်ကြောင်း အမျိုးသား ဘူမိ-ရူပ သုတေသနသိပ္ပံမှ မြေငလျင်ဗေဒပညာရှင် ဂုပ္ပတားက ပြောကြားသည်။

ရုရှားနိုင်ငံ ကိုလာကျွန်းဆွယ်ဒေသ၊ ဂျာမနီနိုင်ငံ ဘာဗေးရီးယားဒေသ၊ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဆန်အင်းဒရက်စ် ဒေသတို့တွင် မြေငလျင်ဆိုင်ရာ လေ့လာရေးလုပ်ငန်းအတွက် မြေအောက်သို့ တွင်းတူးသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပြီးဖြစ်ကြောင်း ဂုပ္ပတားက ပြောကြားသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများအောက်ရှိ တက်တိုးနစ် ကျောက်သားလွှာကြီးများ၏ လှုပ်ရှားမှုများကို ခေတ်မီစူးစမ်းလေ့လာရေးကိရိယာများ အသုံးပြုကာ လေ့လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နေပြည်တော်ဟိုတယ်ဇုန် ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် လုပ်ငန်းတာဝန်များ သိရှိလိုက်နာဆောင်ရွက် ဟိုတယ်လုပ်ငန်း လိုင်စင်ထုတ်ပေးရေး၊ ဟိုတယ်အဆင့်အတန်းသတ်မှတ်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၆

နေပြည်တော်ဟိုတယ်ဇုန် ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် လုပ်ငန်းတာဝန်များ သိရှိလိုက်နာဆောင်ရွက်ရေး၊ နေပြည်တော်တွင် ဟိုတယ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ရေးနှင့် ဟိုတယ်လုပ်ငန်းလိုင်စင်ထုတ်ပေးရေး၊ ဟိုတယ်အဆင့်အတန်း သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နေပြည်တော်ဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးသည်။ (အပေါ်ပုံ)

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ရွှေတို့က ဟိုတယ်ဇုန်အသင်းနှင့် ဟိုတယ်လုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များကိုယ်စား နေပြည်တော်ဟိုတယ်ဇုန်အသင်း ဥက္ကဋ္ဌ ဦးသာဌေးက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး နေပြည်တော်ဟိုတယ်ဇုန်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖွဲ့စည်းခြင်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် နေပြည်တော်ဟိုတယ်ဇုန်တွင် ဖွင့်လှစ်မည့် သင်တန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်ဇော်ဝင်းကလည်းကောင်း၊ ဟိုတယ်လိုင်စင်ထုတ်ပေးရေးနှင့် ဟိုတယ်အဆင့်အတန်း သတ်မှတ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြေငလျင်သုတေသန အင်တာနက် သတင်း ➢ ဘာသာပြန် - သတင်းလုလင်

မြေငလျင်များ ဖြစ်ပေါ်လာနိုင်မှုကို စောင့်ကြည့်ရန် အိန္ဒိယသိပ္ပံပညာရှင်များ မြေအောက်သို့ တွင်းတူးမည်

နယူးဒေလီ မေ ၁၆

အိန္ဒိယသိပ္ပံပညာရှင်များသည် မြေငလျင်များဖြစ်ပေါ်လာနိုင်မှုကို လေ့လာစောင့်ကြည့်နိုင်ရန် နိုင်ငံအနောက်ပိုင်း ကွိုင်နာဒေသ၌ ရှစ်ကီလိုမီတာအနက်ရှိ တွင်းတစ်တွင်းကို လွန်တူးစက်ဖြင့် တူးဖော်မည်ဖြစ်ကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ အမျိုးသားဘူမိ-ရူပသုတေသန သိပ္ပံမှ သိပ္ပံပညာရှင်များသည် မြေငလျင်လေ့လာရေးလုပ်ငန်းအတွက် မြေအောက်သို့ တွင်းတူးဖော်သော စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။

လပေါင်း ၃၀ ကြာ ဆောင်ရွက်ရမည့် ယင်းသုတေသနစီမံကိန်းအတွက် ဒေါ်လာ ၇၅ သန်း ကျခံသုံးစွဲရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ကွိုင်နာဒေသသည် အငယ်စားနှင့် အလတ်စားမြေငလျင်များ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❖

ရုရှားနိုင်ငံ ကိုလာကျွန်းဆွယ်ဒေသမှ မြေအောက်လှုပ်ရှားမှု လေ့လာစောင့်ကြည့်ရေးစခန်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)